၀၀၆၄

# အဋ္ဌရာသီဓမ္မသတ် ( က မှ ခူ အထိ)

ဇေယျတု။ ။ နိဒါန်းအစ။ ၁။ နှုတ်လွန်မှုခန်းအစ။၂။ လက်ရော်မှုခန်းမစ။၄။
အမွေမှုခန်းအစ။၁၀။ အိမ်မှုပရဒါရခန်းအစ။ ၂၅။ ၄င်းကညာခန်းအစ။၃၀။
၄င်းလင်မယားကွာခန်းအစ။၃၄။ မြီမှုခန်းအစ။၃၉။ ကျွန်မှုခန်းအစ။၅၃။
အဋ္ဌသံခိပ်ဓမ္မသတ်ကျမ်းတွင် အခန်းစည်ကို။ မှတ်သည့်အချက်။ ။ ဇုခံသံန။ ပနာမဘွဲ့။
ပြီးစီးခဲ၍။ တဆဲ့ရှစ်ပိုင်း။ အလိုင်ကျယ်ပွါး။ တရားမူလ။ ဘရုပနှင့်။ များလှခက်လက်။
အချက်ချက်တွင်။ ခဲခက်ရာရာ။ ကျမ်းအလာကို။ ရတနာမျိုးမျက်။ ရွှေကြိုးခက်ပိမ့်။
နှုတ်ထွက်သာယာ။ သစ္စာသဓိလ။ ဂုဏ်ကုလနှင့်။ သီလလွန်ကဲ။ စည်းလဲသိမှတ်။
တရားတတ်ကား။ တရားသူကြီး။ အင်ရှစ်သီးမှတ်။ မင်းမတ်ပုဏ္ဏား။ တရားလိမ္မာ။
ဆရာလေးတည်။ မှုသည်ရွှာစား။ မင်းထားကြပ်ဆင်။ မင်းလျှင်နှုညာ။ ချော်ဖြာတရားကော်။
နော်နှစ်ယော်မှု။ မဘောက်နှင့်ပြီး။ သူကြီးနှစ်ရပ်။ ကွပ်မတ်ဥပရာ။ တောင်ညာသနင်း။
ခင်းလည်းတပါး။ တရားချွတ်လျှင်။ သင့်စီရင်လော့။ မင်းလျှင်မှားက။ သမဏဗြဟ္မဏာ။
ဆရာကဝိန်။ နိုင်းချိန်ဆေးလေး။ သတိပေး၍။ ။ ဆွေးနွေးတိုင်ပင်ပါကောင်းတည်း။ ၂။
ကျွန်ရိုးကျွန်သီး။ နယ်ကြီးဝတ္ထုကံန်။ ဋ္ဌါဝရံလေးထွေ။ အမွေတသွန်။ မြေကျွန်မြီရိုး။
ငါးမျိုးမူလ။ ဂါမသစ္စာ။ ရာဇာနှင့်ရေ။ တရားသေလေးသီ။ မြေမြီကျွန်ရိုး။ လေးမျိုးအသွေး။
အိမ်ပေးခေါင်းနား။ နာဖျားပခက်။ လက်ရော်တံဆာ။ ပညာသူမင်း။ ဘိုးရင်းရှင်ပြု။
ဆဲ့နှစ်ခုတွင်။ ညာဏ်ရှင်သူတို့။ လေးမျိုးသင်းသီး။ ဖျက်ဆီးမဖြစ်။ အိမ်ပြစ်ပုတ်ခတ်။
သေသတ်ခိုးမှု။ လေးခုဆွေးပြတ်။ မြို့နုတ်အိမ်နုတ်။ နက္ခတ်ဘိသေ။ စစ်မြေဓမ္မ။ အဘယဟု။
သတ္တရပ်ကောင်း။ မြီမတောင်းလင့်။ တောင်းလျှင်ဒါန်ဆိုင်။ ကိုင်လျှင်မြီပြေ။ ငွေစပါးမျိုး။
တပိုးလေးဆ။ ခုနှစ်လတက်ပြီး။ နှစ်တွက်စီချေး။ သက်သေခိုင်းစား။ စောင့်ငြားကျမ်းပြစ်။
၄တ်လေးဆစ်မှတ်။ နတ်ထိမ်းလက်သား။ ကန္နားတီးမြောက်။ သေးသော်ချုပ်ပျက်။
လေးချက်ပေါ်ခြင်း။ ဆင်မြင်းမြစ်သား။ နဂါးတသွယ်။ ပင်လယ်ကျော်ဆူး။ ဘားတူးချောက်ဝ။
စလယ်ကလျှင်။ နှစ်ဆစီပြု။ အဥရှိဟန်။ ကန်တော့ရန်ကား။ ပင်လာ်ဘားတည့်။
ချိန်သားအညီ။ ပဋ္ဌဝီမှတ်ဘွယ်။ မင်းဝယ်ပေးချ။ မွေဆယ်ကျဟု။ သတ္တာပိုင်မြေ။
မင်းသေကျန်ရှင်။ နှစ်တွင်ကျန်မှာ။ ရောင်းပေါင်ရာသည်။ ။ စည်လာမှတ်ရန်
စာဟောင်းတည်း။ ၃။ ငါ့ဥစ္စာဟူ။ တူသည်ဘဝ။ ငါ့ဥစ္စာပဲ။ ကိုင်ဆွဲတမျိုး။ စွပ်ရိုးသုံးပါး။
ရင်းပြားစွပ်တိုင်း။ လယ်ပိုင်းထက်ဝက်။ စွပ်ပြစ်ထွက်၏။ တချက်သော်မှု။ တူမတူတန်။
မှန်မမှန်ရိုး။ လေးမျိုးကွဲကျ။ ပနှင့်စမှာ။ စွပ်သမျှလျှော်။ ဒုသော်အတက်။ ပြစ်မထွက်တ။
နှစ်ခွဲမျက်ကွယ်။ သုဝယ်မှာလိုက်။ မျက်အိုက်ဆိုငြား။ စကားလေးရပ်။ မယုမ်အပ်ရှင့်။
စောင့်ကြပ်ဘေးညှည်း။ မကျည်းခံရ။ သုံးဌာနနိုက်။ ဆိုသမျှနှုတ်။ ဟုတ်မယူရာ။
စုန်းသာဆိုဟန်။ ခိုးကျွန်ပျက်သတ်။ မှတ်လေဆဲ့ငါး။ စုန်းကားဆိုပြန်။ သာမန်ပြစ်မဲ့။
မည်ရည်ဘွဲ့က။ တရားတဆာ။ ငါးသပြာနှင့်။ ခွဲပါသတ္တာ။ နှစ်ချက်ပြုရှင့်။ မုက္ခတောက်စာ။
ဆေးဝါးသင့်သူ။ ယူချွတ်ရာဝယ်။ ငါးဆယ်သုံးဆယ်။ တသွယ်ဆဲ့ငါး။ လျှော်စားသုံးဆိုင်။
ရေ၄တ်နိုင်မှု။ ငွေပြုတရာ။ ခိုးဆဲမှာကား။ သာမာန်အားမှု။ တရားခံနှုတ်။ မည်ရည်ထုပ်က။
မဟုတ်ကျွန်တစ်။ ချံစပ်လုစ်မှား။ စွဲပြစ်တိုင်းစား။ မယားခိုးမှာ။ သုံးဆယ်သာဩန်း။

ကျွန်ကိုဆဲမူ။ တက်မြဲခိုးဒါဏ်။ သုံးစုမှန်တွင်။ လျှော်ရန်တစ်သား။ ကျွန်ဆဲရာနိုက်။
ကျွန်သာတယော်။ မည်မျှလော်က်ဟန်။ ဘိုးတန်ကျွန်ဟူ။ ဆဲမူဘိုးလျှောက်။ နောက်စတုတ္ထ။
ဆဲကကျွန်တစ်။ သတ်ညှစ်ပြစ်ဝယ်။ ကျွန်တဆယ်ဘက်။ နည်းတချက်လည်း။
တက်သုံးဆယ်ပြု။ သုံးစုစု၍။ နှစ်စုကိုပယ်။ လျှော်ထုံးသွယ်၏။ အကယ်မှံစေ။
ဆဲ့ငါးထေါနိုက်။ ရှက်ပေသောအား။ တရားခံပါ။ လျှော်စွာလျှော်စေ။ မှာခဲ့ပေသည်။ ။
သံခြေသာမြသံညောင်းတည်း။ ၄။ သန္ဓမိတ္တ။ ဂါရယှနှင့်။ လဇ္ဇအဟိတာ။ ငါးပြာသပတ။
ကျိန်သမျှပင်။ မှန်ကပြစ်မဲ့။ ယွင်းခဲ့ပြစ်တတ်။ လေးကျပ်ရှစ်ဆယ်။ ကျွန်တရပ်နျင့်။
ခုနှစ်ကျပ်သား။ ယထာရဟာ။ ပူဇော်ရရှင့်။ သံပဟုံးစုံး။ ကြုန်း၍နင်းမျှ။ မကျမသေ။
သါမနေဟု။ ဆိုလေပြီးမှ။ ကျနမသေ။ ပြစ်မဲ့ချေ၏။ ကျသေလျှင်းမှာ။ ဘဏ္ဍာစားညွှန်။
ျန်သေဇကေ။ ဒွယသူစင်။ မာရာထင်က။ ထင်သည်ပြစ်ဝတ်။ နာသည်ချက်မှာ။ တဝက်ဇရိတ်။
မိုတ်၍ကွယ်မူ။ နှစ်ဆဟူ၏။ လူတန်ချင်းသာ။ ကာဒုကောဒု။ ဆဲသမျှကို။ သူကကွယ်ကန်။
ပြ၍မှန်မူ။ ခံပြန်စေဟူ။ ဆဲသူယုတ်သော်။ ပူဇော်မင်းဒါဏ်။ မြတ်ပြန်မူကား။ တရားတွင်သာ။
ပီမာစေရ။ ထက်ဝံသမူ။ ပြစ်မဲ့ဟူ၏။ ထိုသူတို့ကွယ်။ အောက်နွယ်မူကား။ တရားခံရ။
သားမြေးကလျှင်။ မိဘတို့မှာ။ တရားပူဇံ။ အဆွံကျိုးကန်း။ ဟုတ်မှန်းသိလျက်။
ဆိုရက်သူအား။ တရားခံလစ်။ ပြစ်မဲ့ကွယ်က။ ပြ၍ရမူ။ ကွယ်သူခံပြန်။ မရတွန်မူ။
ဆိုသူရှုံးစေ။ ဝေဏိမုခ။ ပါဒကဏ္ဍာ။ စောရာပတိ။ ဆိုမိမဘွယ်။ တဆယ်တန်ကျွန်။
တရောက်ည့နံပါ။ ငါနှင့်သင်မူ။ မတူဆိုရာ။ တူပါသော်တည့်။ ဆိုလှည့်မှန်က။ စသူရှုံးစေ။
မမှန်ချေမူ။ တူလိုသူရှုံး။ ဘုံကွယ်လပ်က။ ပြ၍ရမူ။ ကွယ်သူခံပြန်။ ဘက်မတန်သည်။
။တဘန်မဝန့်ပါကြောင်းတည်း။ ၅။ သန္ဓိသန္ဓေဖျက်သတ်။ သားပွတ်ချသူ။
မိတ္တလူလျှပ်လူပေါက်သယော်ထားသူ။ ။ ဂါရယှ။ မျိုးမဲ့လူယုတ်။ ပရာဘုတ်။
ဘက်မထွက်သသူ။ ။ လဇ္ဇဆဲတတ်။ ထောင်းတတ်။ ပြည်မြတ်ကံကြွေး။ ခွန်ပေးခံသူ။ ။
အဟိတာ။ ရွှေအိုးငွေအိုး။ တောဆိုးရေကာ။ တူးဖေါ်ရ၍။ ကြွယ်ဝသသူ။ ။ ဌာနန္တရ။
သီလပညာ။ နွယ်လာကဲလွန်။ မှန်လျက်မရာ။ ယုတ်မာသည်ဟူ။ ဆိုသသူအား။ ကန္တားဈေးဝ။
တလလခွဲ။ ဆင်းရဲခံစေ။ ကန်တော့ပေရှင့်။ မထေလေးစား။ တရားမမှံ။ ဟောညွှန်သည်ဟူ။
ဆိုသသူအား။ သံပူလေးသစ်။ အလှစ်ဆီလောင်။ တကြောင်းနှုတ်သီး။ လျှာကိုလှီးလေ။
ကြောက်ပချေက။ လျှါငွေသုံးဆယ်။ နှစ်ဆယ့်နှုတ်ဘိုး။ မင်းစိုးတို့အား။ ပုန်းစားသည်ဟု။
ဆိုသူလျှာရင်း။ တျင်းတျင်းကုန်ဖြတ်။ မျိုးမမြတ်လည်း။ မှူးမတ်မင်းချေ။ ပြစ်ပလေလျက်။
မျိုးဆွေယုတ်၏။ ဆိုတုံလှည့်က။ နောင်သည်အလား။ မဝံ့စားအောင်။ များများချက်မှန်။
ရာဇဒါဏ်ပြ။ မိဘစကား။ သားမနာလျှင်။ အမွေခွင်သို့။ မဝင်စေလင့်။ ပေးနှင့်သမျှ။
သိမ်းပြီးမှတည့်။ ဆွေစမျိုးခွင်။ ထုတ်လိုက်နှင်လော့။ သုံးအင်လေးရပ်။ ရိုးစွပ်နှစ်ပုံ။
မယုံရာသား။ စကားလေးဝ။ ဌာနသုံးပါး။ ဆဲခြင်းငါးနှင့်။ ငါးပါးကျိန်ဟန်။ အတန်တန်ကို။
ဘန်ဘန်တီးတီး။ နှိုင်းချိန်ပြီးသည်။ ။ ကျမ်းကြီးကျမ်းခိုင်စာပေါင်းတည်း။၆။
နှုတ်လွန်ခန်းပြီး၏။ နားပဲ့သွေးယောက်။ ချေကျောက်ရောင်ဘူး။ ဦးကွဲမျက်နှာ။
ကေသထာနှင့်။ အိုစာသေသတ်။ စည်သင့်မှတ်လော့။ ဒွါသဒွါဒသ။ ပန္နရသုံးလီ။ ဝီသတိသ်။
တာလီသသီတျ။ တြိသတ။ တနည်းပြပိန့်။ ပငါးသပြာ။ သပြာလေးဆယ်။ ဒုဝယ်သတ္တရ။
တိသ်လည်းဟူ။ တမူရောင်းစား။ လေးကားရှစ်ဆယ်။ ကျပ်နှစ်ဆယ်နှင့်။ ငါးသုံးဆယ်ညွှန့်။

ကျွန်တစ်လည်းပြ။ ဆသတ္တကား။ နည်းခြားမဘောက်။ ရှစ်ကြိမ်မျောက်နိုက်။
ခြောက်ဆယ်ရှစ်ဆယ်။ ကိုးကြိမ်ဝယ်ကား။ ရာနှစ်ဆယ်ညွှန်။ ကျွန်ပန္နရ။ ကျွန်ဝီသပါ။
သေပြစ်မှာသော်။ ကျွန်လျှော်ခုနှစ်ဆယ်။ ကျွန်သုံးဆယ်ဟူ။ လူတန်းယုတ်မြတ်။
ရှေ့နောက်မှတ်ပါ။ အာဏာယသမုတ်။ နှုတ်လက် ထုတ်ထား။ မြွားနှင့်သေနုတ်။
မှတ်လောခြောက်ရပ်။ တကျပ်ခွဲတန်။ ကျွန်တဆယ်က။ ခြောက်ဆယ်ကျလျှော်မြဲ။
ဆင်းရဲချမ်းသာ။ အမ္ဘာသေဋ္ဌ။ အမစ္စနှင့်။ ရာဇဝသေ။ ငွေကျပ်ခုနျစ်။ ဆင်းရဲပြစ်ပြ။ လူသူခမူ။
ပဉ္စတိသ်ာ။ ကျမ်းမှာရင်းက။ ကြွလော့ထံပိုး။ ဆင့်ဆင့်တိုးရှင့်။ တမျိုးဆိုမှူ။ ဒုသုကြယ်မှတ်။
စစ်မတ်သေနာ။ ဥပရာနှင့်။ ပဓာဏိယ။ ရာဇိန္ဒမှာ။ ရှေးကအလား။ ထံပိုးပွါးလစ်။
နှစ်သုံးလေးငါး။ အများဝန်းကူ။ လာသူတို့အား။ တယောက်သားက။ ပြုသမျှပင်။ မရပြစ်မြူ။
ယောက်ထီးလူအား။ ထိပါးသော်ထွန်။ ကျွန်နှစ်ဆယ်စီ။ ညီသူတောင်းရာ။ ပြစ်စေကာတည့်။
ငါးသပြာတန်။ ခြောက်ဆယ်ကျွန်တက်။ မလွန်ရချေ။ ညွှန်ပြလေသည်။ ။သေလည်းသည့်ပြင်
မထူးတည်း။ ၇။ အမတ်ပဋ္ဌေး။ သဋ္ဌေးနှစ်ပါး။ သမားပညာဝန်။ ရဲသာမာန်နှင့်။ လူတန်ဒုက္ခ။
ဒါသတခန်း။ ရဟန်းပုဏ္ဏား။ ဆဲ့ငါးသရူပ။ သာမညတည့်။ ဝိသေသမှာ။ များစွာလွန်ကဲ။
ဆံဆွဲပြစ်တပ်။ ငွေကျပ်လေးရာ။ နှစ်ရာတသွယ်။ ရာ့ငါးဆယ်နှင့်။ ရှစ်ဆယ်သတ္တတိ။
သဋ္ဌိပညာသ။ တလီဒွရှင့်။ ပဉ္စတိသ်ာ။ တိသ်ာပန္နရ။ လူသုခကျွန်။ ဆယ်ကျပ်မှန်ရှင့်။
ဒုကျွန်ငါးကျပ်။ တရပ်ထို့နောက်။ လက်ယောက်မှာထွန်း။ လျှော်ကျွန်နှစ်ရာ။ တရာခုနှစ်ဆယ်။
ခြောက်ဆယ်ပညာသ။ တာလီသနျှင့်။ ဝီသမြဲမှတ်။ ပန္နရသ်သုံးသွယ်။ တဆယ့်ခြောက်သုံး။
ကျွန်တွင်ဆုံးမြို့။ ချင်းတို့ချင်းချင်း။ လက်ရောက်စင်းမူ။ ယင်းသည်ဒါသ။ တရာနှစ်ဆယ်။
ရှစ်ဆယ်ခြောက်ဆယ်။ လေးဆယ်ဝီသ။ ဆဲ့ခြောက်ဒွနှင့်။ ဒွါဒသတေး။ ရှစ်ခြောက်လေးလည်း။
ကျွန်ကျေးတွင်ဆုံး။ ယင်းလျှော်ထုံးတွင်။ ရာမထင်က။ ပြစ်ဝက်မျှရှင့်။ သမဏမူ။
ဘတ္တပျဉ္စနာ။ လာဇာသတ။ ဖြဟ္မဏနိုက်။ သခ်ဲသုတ္တ။ ဝတ္တဝေဋ္ဌနာ။ သာမံမှာထုံ။
ဝတ်စုံပန်းမှန်။ မှတ်ရာန်တထောက်။ အောက်နှုတ်ခန်းသား။ အံသွားနာနေ့။ လက်ခြေသလေး။
ကျွန်ဇကေးဘက်။ ထက်နှုတ်ခန်းသား။ ပါးရှေ့သွားပါ။ ယာလက်သူကြွယ်။
လက်လယ်မည်မှတ်။ လက်ကောက်ဝတ်သော်။ ကျွန်လျှော်နှစ်ဦး။ နှဘူးဘမျက်။
ဝဲလက်သူကြွယ်။ တသွယ်မျက်မှောင်။ လျှော်ဆောင်တြိန္န။ လျှာဇိဝှနှင့်။ ကပ္ပရဗာဟု။
စတုလျှော်ရိုး။ လက်ညှိုးလက်မ။ မချွိမခြေသုံး။ ကျွန်လျှော်ထုံးကား။ သုံးနှင့်ဇရ။
ခြေမကျိုးလတ်။ ဒွေးနှင့်သတ်တည်။ ခြေချင်းဝတ်မျက်စိ။ ကျိုးကန်းဘိလစ်။ ကျွန်ရှစ်မယုတ်။
ဥစ္စခေါဋ္ဌ။ သွေးမျှမြင်သော်။ ငါးကျပ်ဘော်သည်။ ။ မလျှော်မနေရဘူးတည်း။ ။
ဇက်နှင့်ကားဒု။ ထိနှင့်ပုတည့်။ ရွယ်နှရွယ်ရင့်။ ချင့်၍ဒုပု။ ရင့်သူလျှော်ရန်။ နှစ်ဆမှန်ရှင့်။
ကိုယ်ဝန်ဆောင်အား။ ဘူးရောင်ငြားက။ ရွှေငါးမတ်ထွက်။ သားပျက်သောဋ္ဌ။ မာရာရမူ။
နှစ်ဆဟူပေ။ မီးနေမိန်းမ။ သေဝနီးတိုင်။ ကိုင်ရွှေဆယ်မတ်။ ထိပုဝတ်ကို။ ချွတ်ကမလွဲ။
ဆင်းရဲဒွါဒ။ သုခဝီသာ။ ခြေမှာဆံရစ်။ ပြစ်နျစ်ဆယ်မတ်။ ဦးပည်းလပ်က။ ရွှေမတ်သုံးဆယ်။
လေးသွယ်ကျားသည်။ ဆွဲနှုတ်သည်မှာ။ စတ္တာလီမှတ်။ ဖိုးဇည်းပြတ်က။ မတ်ဆဲ့ငါးရွှေ။
မျက်စိပေကို။ ခြေမနှင့်ရွယ်။ မတ်တဆယ်သာ။ သုမျက်နှာကို။ နင်းရှာမိလတ်။
သောဋ္ဌသ်လျှော်မြဲ။ အိုးမဲသုတ်ဆဲ။ ရွှာလည်ကစုဒ္ဒသ်။ ပုတ်ခတ်အုတ်ကျောက်။
ခေါင်းပေါက်ဆဲ့နှစ်။ သွေးစစ်နျာက။ ရိုကျပဉ္စာ။ လည်ကလာမူ။ နှစ်မတ်ဟူ၏။ မြေဘူမိနိုက်။

မှောက်တိုက်မျက်နှာ။ သွေးဖြာနျစ်ဆယ်။ နှစ်ကိုယ်ဝန်မြစ်က။ ယင်းသို့ကျရောင်း။
ရွှေမတ်ပေါင်းတည့်။ ထပ်လောင်းနီးကွဲ။ မင်းပွဲအတွင်း။ ပုတ်ခတ်လျှင်းက။ မင်းကိုသပြာ။
ငွေငါးရာဆက်။ ပြစ်ထွက်လျှင်လည်း။ များနည်းချင့်ထောက်။ ပစ်လျှောက်လျှော်မြဲ။
ကစားပွဲနိုက်။ ပေါက်ကွဲရှုန။ မာရာရစေ။ ပြစ်မဲ့ချေ၏။ သေမုသေသု။ ကိုယ်ဘို့ဟုမှတ်။
သတ်ခတ်ထိပု။ လက်တူပြုက။ လျှော်စုမထား။ တရားမှာပု။ သေမှုပြစ်လှည့်။
ဘုတ်ကြဉ်းပစေ။ ယောကျ်ားသေမူ။ ပြစ်နေမဘွဲ့။ ယောကျ်ားငယ်အား။ ကြီးမားမိန်းမ။
ပုတ်ခတ်ကတည့်။ တိသ်မရှင်း။ မိန်းမချင်းမူ။ ဒါဏ်တူပြစ်ပ။ တဦးကသာ။ ကျူးလွန်ရာဝယ်။
သုံးဆယ်လျှော်ထုံး။ လက်ရုံးပေါင်ကျိုး။ ကိုးဆယ်လျှော်စား။ ခိုက်ပွါးကြံထွန်။
လက်ညှိုးညွှန်သော်။ သူမွန်မျိုးမှာ။ ငွေငါးရာတည့်။ တရာလည်းဟူ။ ယုတ်မာသူနှင့်။
နွှယ်တူချင်းချင်း။ ဖြစ်လျှင်းချေမူ။ ငွေဖြူဆဲ့ငါး။ ဒွန်စန္ဒားမှာ။ ခွဲပါသတ္တာ။ ရွေးမရသား။
သန္ဓကကျွန်။ ငါးကျပ်တန်ဟု။ ကျမ်းဂန်မုချ။ အမှန်ပြသည်။ ။ ရန်စရှိသူနှစ်ဦးတည်း။ ၉။
ရည်တူသတ်လျှင်။ တဘက်တွင်တည့်။ မြင်စေမာရာ။ ပြစ်ဆာကင်းငြား။ တရားဆေးခ။
သေကသုံးရာ။ သပြာငွေစင်။ ပွဲသဘင်နိုက်။ ဒဏ်အင်တူက။ မရပြစ်မြူ။ ကျိုးကန်းမူကား။
တရာခံလတ်။ စိတ်တူသတ်လျှင်။ ပြစ်မမြင်ဘိ။ တိုက်သူရှိ၍။ လက်ဘွေ့သတ်လေ။
မသေသမျှ။ ဒေါသမရောက်။ သေပျောက်လျှင်မူ။ တိုက်သူသင်္ဂြိုဟ်။ တရားကိုလည်း။
ထိုတိုက်သူပင်။ သွင်ရိုက်လေ။ ကျွန်ပိုင်သေက။ ပြစ်နေမမြော်။ ကျိုးကာန်းသော်ထွန်။
ထိုကျွန်ထွက်လို။ ကိုယ်ဘိုးတွင်ခု။ ကျွန်ရိုးစလည်း။ ထိုသူအလား။ သားသမီးကို။
မဆိုရွေးစေ။ တထွေထိုမှ။ သုခအမ္ဗ။ သေဠမစ္စာ။ လေးပြာကပေ။ မင်းဆွေကိုသော်။
ကျွန်လျှော်ခြောက်ဆယ်။ မျိုးသူကြွယ်က။ အမစ္စကို။ ဒါသတာလီ။ လူဒုက္ခီက။ ဝါနိစ္စအား။
လျှော်စားဆယ်ယောက်။ သေတုံမြောက်က။ ဆယ်ဆတက်လမ်း။ လျှော်တန်းမှာရွှေ။
သုံးကျပ်နေ၏။ ငွေမူသုံးဆယ်။ ကြေးနီဝယ်ကား။ သုံးဆယ်ပ်သာ။ သတ်ရာဒါဏ်တူ။
စတင်သူမှာ။ နည်းများတစိ။ ဒါဏ်မဲ့ရှိမူ။ နည်းရှိနိုင်လတ်။ မိန်းမဝတ်ဖြင့်။
ပုတ်ခတ်သောအား။ ယောကျ်ားတုံ့ပြန်။ ဒါဏ်မရှိချေ။ မတုံ့ပေက။ လျှော်ငွေသုံးဆယ်။
ချွတ်ပါယ်ဥပေါင်။ ရွှေကောင်းငါးကျပ်။ ငွေငါးကျပ်ဟု။ နှစ်ရပ်ကွဲပြား။ ကစားပြစ်လွင့်။
အိမ်ထားနှင့်ခုတ်။ ရိုက်ပုတ်လွန်ကြူး။ ရောင်ဘူးစုတ်ပြတ်။ ကျိုးကန်းလတ်က။
မှတ်လောပြစ်တပ်။ ငွေငါးကျပ်တန်။ ကျွန်နှစ်ဆယ်သား။ လျှော်စေမှာသည်။ ။
ဓွေစာလွတ်ခံ့စံကြူးတည်း။ ၁၀။ သတ်မည့်လာမူ။ လာသူကိုသတ်။ သေလတ်စေကာ။
ပြစ်ဆာလွတ်ရှား။ လုံ့ထားကိုင်ယူ။ လာသူသတ်ပြစ်။ ပြစ်လတ်တုံသင့်။ တောနှင့်ညမှာ။
လက်နက်ပါမြောက်။ ဆယ်ယောက်လျှော်ဘိ။ ခိုက်ထိပန္နရ။ သေကသုံးဆယ်။
ရွယ်သူလွတ်ရှား။ အခြားသူနိုက်။ ခိုက်မိတုန်လျှင်။ ရွယ်ရင်းသူပြစ်။ မှတ်လစ်တသွယ်။
လူငယ်နှုတ်ရှုံး။ လက်ရုံးကြီးသူ။ ထိပုနည်းတူ။ မြင့်မြတ်သူအား။ ဆင်းရဲသားလျှင်။
ပုတ်ခတ်ကျင့်မူ။ အင်ခွင့်ရုတ်ဘိ။ မရှိတို့လတ်။ ဒဏ်ခတ်၍နှင်။ ဘူးရောင်လျှင်တည့်။
ငွေစင်သီတိ။ မရဘိက။ သုံးဆယ်ကျမြောက်။ သည့်အောက်နိုင်းချင့်။ အသင့်လျှော်ရိုး။
သွားကျိုးရေစုတ်။ မယုတ်တိသ်။ ရိုးကျိုးကမူ။ ငွေဖြူခြောက်ဆယ်။ နှမ်းနယ်သူယုတ်။
ရိုက်ပုတ်သောထွေ။ သူမြတ်သေမူ။ ကျွန်ခြေသဋ္ဌိ။ လူဒုက္ခိဝယ်။ သုံးဆယ်သာမျှ။
ယင်းဒါသတွင်။ ယာကဆဲ့ငါး။ ဝဲကားသုံးဆယ်။ ကျွန်နှစ်သွယ်နှင့်။ တဆယ်တန်ချည်း။

အကျန်ဆည်းလေ့။ ထန်သည်ရန်စ။ ဥတ္တမကို။ ဒုက္ခမှားလစ်။ ခြေကျောက်ပြစ်ကား။ ပါဒစ္ဆိန္န။
နားပဲ့ကမူ။ ရဇတတာလီ။ ကျုံလှိုသုနား။ ငွေငါးသပြာ။ နားပါဆက်လျှင်။ ဆင်းရဲချင်းပုတ်။
ရေစုတ်သွေးမြင်။ နှစ်ဆယ်လျှင်တည့်။ ဆံပင်ပါးနား။ ထင်ရှားမာရာ။ သီသာဘိန္န။
ကျိုးကန်းကမူ။ တိသ်ငွေလျက်။ လျှော်စေမြွက်သည်။ ။ ချင့်လက်ချင့်တွင်ရာန်ဆူးတည်း။ ၁၁။
ဆိတ်ငြိမ်တောရပ်။ ဘပ်ဘပ်သွေးမြင်။ ရာထင်ရောင်ဘူး။ ချင်းချင်းကြုံးက။ တိသ်လျှော်ရိုး။
ရိုးကျိုးတာလီ။ ကရီပါဒ။ နယနဝိကလ်။ ကျွန်လည်းတစ်ပေ။ ငွေလည်းတိသ်။ ဥတ္တာရနှင့်။
နိစလက်တူ။ ပုတ်ခတ်မူကား။ နိမ့်သူပြစ်ဒါန်။ လေးစုရာန်၍။ ယုတ်လွန်တစု။ ပြုလော့ခက်စွ။
ယောက္ခမအား။ ဆဲငြားသမက်။ သင့်လက်အပ်ပြီး။ သမီးကိုသိမ်း။ ငြိမ်းအောင်ပြုက။
ပြန်အပ်ရ၏။ နှုတ်မှမဟုတ်။ ရိုက်ပုတ်လေရာ။ ဥစ္စာအင်ခွင်။ ရပ်၍နှင့်ရှင့်။ နှစ်ပြင်နှစ်ဝ။
ချွေးမသမက်။ ယွင်းပျက်ဂါရဝ။ ယောက္ခမလျှင်။ သံပခြိမ်းမောင်း။ ဆဲရေးထောင်းက။
ကောင်းကောင်းခံစေ။ မခံချေ၍။ ဖြာမြေကျမ်းပြင်။ ကျလေကျင်မူ။ ပင်လယ်ဘားနှင့်။
ကန်တော့သင့်၏။ အကျင့်ယွင်းပျက်။ သမီးဘက်က။ ကူမသောအား။ သမက်မှားလည်း။
လွှတ်ရှားဒေါသ။ ညီမျှဖျည်လျက်။ သမက်လွန်ငြား။ ကျွန်နွားကျွဲဝက်။ ကြက်တခုခု။
မှုလိုက်ပူဇော်။ ကော်ယော်ဝတွား။ လင်မယားသတ်။ ဖျည်ထားလတ်၍။ ပုတ်ခတ်ပဲ့ရွဲ့။
ပြစ်မဲ့လေငြား။ သေသည်များနိုက်။ တရားခံလှည့်။ ဘုတ်ကြည်းပစေ။ ဆူဝေပြင်းပြ။
ဒေါသမောဟ။ ရောဂဗာဟုလ်။ ချောက်ခုံသေဆွဲ။ ဆိပ်စွဲမြိုသောက်။ ဆိုလျှောက်သေမူ။
သူတက်ပြစ်ဝတ်။ တချက်တထွေ။ စေ၍သတ်ခတ်။ သေလတ်သော်မူ။ စေသူတဆ။
နှစ်ဆသတ်သူ။ သူကက်လျှော်ပါ။ တိုင်ပင်လာ၍။ သတ်သာသတ်ဘိ။ ဆိုမိသူလည်း။
နည်းတူမချား။ တံခါးလမ်းဈေး။ စုဝေးပွဲရပ်။ ကြည်းကျပ်သဖြင့်။ ထိပါးခြင်းကြောင့်။
သေလင့်ပစေ။ မျိုးဆွေအနွယ်။ မရွေးခြယ်လင့်။ ပြစ်မသင့်၍။ မရခင်နေရာ။ မြေငါးဖြာကို။
ခေမာအဘယ။ ဆိုတိုက်လှသည်။ ဒေါသမရှည်မပူးတည်း။ ၁၂။ သူအိုသူနာ။ ငယ်စွာဘိလျှင်။
လွန်မင်းသီလ။ဥမ္မတ္တာနှင့်။ ရာဇိန္ဒဖျား။ သားငါးကင်းလှ။ ယင်းသတ္တတို့။ သတ်ကသတ်စေ။
ပြစ်နေမမြင်။ တရားဝင်မျိုးဆွေ။ သေမူပြစ်ကင်း။ သင်္ဂြိုလ်ခြင်းနှင့်။ ကြွှီးသူကိုမွေး။
ကြွေးရှိလည်းဆတ်။ တရပ်သော်ထွန်။ လျှော်ဒဏ်ကျွန်မူ။ အလွန်ခြောက်ဆယ်။
အောက်ဝယ်ဝီသ။ သားခြေပြနည်း။ ရုံးစည်းငါးတန်။ မှတ်ရန်တပုံ။ စုံတခုခု။ အမှုရှိသည်။
ခြေကိုချည်က။ ပြစ်မရလျှင်။ လက်ချင်းထုပ်သော်။ ငွေလျှော်တဆယ်။ ပေါင်ဝယ်တုပ်နှောင်။
မျက်မှောင်ချည်ငြား။ ခါးဆီးကိုချွတ်။မှတ်လောတိသ်။ ဂီဝတာလီ။ သိညီတင်စွာ။ မာရာတသီး။
ဦးစီးလည်းကျော်။ အလျှော်မျိုးလိုက်။ နှုတ်ပိုက်လျှော်က။ တလသုံးကျပ်။ မှတ်အပ်ဆယ်လ။
စေ့ကသုံးဆယ်။ မွေမယ်နျင့်တွဲ။ ဘွားလုဆဲတွင်။ သေလှင်သဠို။ စော်ကားဘိက။
ပြစ်တိုင်းကျလိမ့်။ မိဘဆရာ။ ညာတကာဝင်။ လင်သခင်ဟူ။ ငါးဦးသူတို့။ စမူတုဏ်ို။
နောက်ပြီးရှက်ခွဲ။ ကျဲကျဲနေကျက်။ ရိုက်နှက်သိမ်းယူ။ နှင်ထုတ်ဟူသည်။ ငါးမည်အမျက်။
ထွက်သည်ချင်းရာ။ ယင်းနှင့်သာတည့်။ သားတပည့်ယင်း။ သားချင်းမယား။ ကျွန်တို့အားကို။
မှတ်သားစိမ့်စေ။ ဆုံးမလေသော်။ လွန်ချေမူကား။ မင်းဒဏ်ထားလိမ့်။ ဆယ်ပါးပန္နရသ်။
ပုတ်ခတ်ကျခြင်း။ ပြစ်ကင်းလွတ်ကျော်။ ငါးဘော်ရပ်ဘွဲ့။ ဒဏ်မဲ့သူသတ်။ ပုတ်ခတ်လက်လွန်။
လျော်တမ်းကျွန်လည်း။ ငါးတန်မပျက်။ မျက်ထွက်ပဠ္ဌ။ ဆုံးမရန်လူ။ ငါးဦးသူကို။
လွယ်ကူမှတ်ရန်။ ကျမ်းဂန်ရှိတိုင်း။ ညှိကခိုင်းလျက်။ သံပိုင်ဥသုံ။ ပြီးကုံလုံသည်။ ။

စာစုံအညွန့်ဆွတ်ရူးတည်း။ ။ လက်လွန်ခန်းပြီး၏။ ပိုဒ်ရေ၇။၁၃။ အမွေခုနှစ်ပါး။ ဆဲ့နှစ်ပါးနှင့်။ အပွါးပြောကြွယ်။ ရာနှစ်ဆယ်ဟု။ ဆန်းကြွယ်စွာဘိ။ ကျမ်းအရှိကို။ ပြန်းညှိနှိုင်းဆ။ အကျည်းပြပိမ့်။ မိဘနှင့်ကား။ သားသမီးရင်း။ သားချင်းတဝေး။ မိဘတွေးမှာ။ ထက်ပါပုမိ။ ။ ထွေးဘမိအား။ ထက်အောက်သာတည်။ ။ အောက်သားထက်သား။ နှစ်ပါးဝေခြင်း။ ။ ဘိုးဘွားရင်းနှင့်။ မြေးရင်းဝေရေး။ ။ ဘိုးထွေးဘွားထွေး။ ထက်မြေးတခြား။ ။ အောက်သားထက်မြေး။ ဘိုးထွေးဘွားငယ်။ ။ ကြီးငယ်မယား။ ပြောင်းမယားဘို့။ ခြားနားအပ်ဘိ။ ။ တွေးဘမိ၏။ ညာတိနှင့်ဘက်။ အထက်သားပင်။ ။ မွေရှင်ရင်းသေ။ မွေခံမဲ့မှာ။ ထိုက်ရာဝေကြောင်း။ ။ ၄င်းသေမြောက်။ ချင့်ပေါက်ဘော်များ။ ရင်းဖျားပုတ္တ။ ။ ယောက္ခမနှင့်။ ချွေးမသမက်။ ကျွန်လက်ရှိမွေ။ ကျွန်သေထိုက်ရာ။ သိဿာစေရ။ ဝေမျှစကား။ ။ လင်မယားမူ။ မသေသူရ။ ။ ဥဒ္ဒေသဘောဋ္ဌသံ။ ဆုံးဖြတ်ချားနား။ မြဲမှတ်သားလော့။ တရားဦးရေ။ များထွေထွေကို။ ဥဒ္ဒေသလိုက်။ ဆိုက်လျှောက်ဆိုက်လျှောက်။ ထက်သို့ရောက်မှ။ ရွေးကောက် လွယ်စေ။ ထုတ်နှုတ်ပေအံ့။ ။ မြူတေသီရိတင်ဆန်းတည်း။ ၁၄။ မိဘနှင့်ကား။ သားသမီးရင်း။ ခင်းခဲ့အစ။ ဥဒ္ဒေသနိုက်။ အဘသေပြီး။ အမိနှင့်သား။ ဝေးခြားခြင်းမှာ။ အိမ်ယာလယ်ခင်း။ မစီးနင်းကို။ သားရင်းထိုက်တန်။ ဆင်ရန်ဝတ်စား။ လက်ထက်ဘွားကျွန်ပ။ မွေးမိရစေ။ ကျန်ရွှေငွေနှင့်။ မြေတိရိစ္ဆာန်။ ယောကျ်ားကျွန်ကို။ မိမွန်သုံးယူ။ သားမူတဆ။ ကျွန်ရိုးမကို။ ညီမျှပိုင်းနင်း။ ကျန်သားခြင်းမှာ။ မိရင်းသေမှ။ ဝေစကြလော့။ ဘနှင့်သမီး။ ခြားသီးဝေးခွင်။ မိခင်ဆောင်ရွက်။ လက်ရောက်ဥစ္စာ။ မိတာပိုင်ကား။ ဝတ်စားဆောင်ရွက်။ လက်ထက်ဖြစ်ပွား။ ကျွန်ယောကျ်ားကို။ ဘဘွားယူထွန်။ ကျန်မှာထက်နည်း။ သားခမည်းမှာ။ လက်သာမျှ။ သားရတုံလျှင်။ ကြွင်းမှာဘဖျား။ ဥစ္စာများသော်။ စပါးပြောင်းပဲ။ နွားကျွဲယူဂ။ ဥဿဘတစ်။ နို့ညှစ်နွားမ။ တရှည်းကျတည်း။ ဆိတ်မဝီသာ။ တိရစ္ဆာနှင့်။ မြတ်ရာမွေစု။ တခုခုလျှင်။ မွေးဘခင်က။ သားကိုမျှဘိ။ မွေးမိသွီး။ ခြားသီးရာလည်း။ ၄င်းနည်းတိ။ မွေးမိနှောင်းလင်။ ဘခင်နှောင်မိ။ နေသည်ရှိက။ လေးဆတစု။ မရသုံးတွက်။ ထက်ရသုံးတွင်။ ရသူတွင်လည်း။ ယင်းပင်စုဆ။ သြရသတည့်။ ကနိဋ္ဌမူ။ မိဘနှင့်ဘက်။ တဝက်စီခြား။ ထက်သားသမီး။ အိမ်သီးမပြောင်။ မိဘနှောင်းနှင့်။ တူပေါင်တုံလတ်။ သီးသန့်မှတ်လေ။ မိဘသေမူ။ နှောင်းနေသူလက်။ မိဘတွက်က။ တစုမျှရှင့်။ သုံးဆတက်သား။ မြီပါညားမူ။ နည်းတူဆပ်ရ။ မိဘဝတ်စား။ နှစ်ပါးညီတူ။ နှောင်းသူတို့ပါ။ ထွေးဥစ္စာကို။ ပုံတာမချ။ နှောင်းမိဘသည်။ ။ ရဇ၏ချက်ကုံ သိမ်းမြန်းတည်း။ ၁၅။ ရှစ်တရား။ ။ သားချင်းတဝေး။ ရှေးဥဒ္ဒေသ။ ဒုတိယနိုက်။ မိဘသေပြီ။ သမီးချည်းမှာ။ မွေဥစ္စာက။ ကြိုက်ရာနှစ်တောင်း။ တစုကောင်းကို။ ထိုအမကြီး။ တူပြီးကြွင်းဝယ်။ နှစ်ဆယ်ပုံဆ။ အစ်မတစ်ယူ။ ဤနည်းတူတည့်။ လူရှိဝေရ။ ကျန်လကမူ။ ညီမျှဝေစား။ ယောကျ်ားချည်းတုံ။ ဆယ်စီပုံဘိ။ ရှေးနည်းသိလော့။ ပြမ်းညှိကျားမ။ ပန္နရဆီ။ မှီလော့နည်းတူ။ ကြီးသူတူလက်။ မိဝတ်ဘစား။ ဆောင်ရွက်များတည်း။ ယောကျ်ားနှင့်သာ။ ဝေတမ်းမှာကား။ ကြိုက်ရာတချက်။ ကျန်တဝက်မူ။ အစ်ကိုယူကြွင်း။ ကိုးပုံခင်း၍။ နှောင်ရင်းတစု။ ကိုးပုံပြုပြန်။ စုမျန်တဆ။ ညီလုဘို့ပြု။ ကိုတစုမှာ။ နှောင်ကြီးသာရှင့်။ ကျန်မှာညီချည်း။ ဤနည်းညီပ။ နှစ်ယောက်ပြတွင်။ ချောက်ဆစီခြား။ သုံးကြိမ်ဘွားမှ။ ဒွါပဇေကဒ္ဒ။ သြရသ်စုကွ။ အကြီးရ၏။

တတွင်ဇက်မှာ ညီမသာတည့်။ ကျန်ရာတူစား။ မောင်ကြီးငြားမူ။ ယူပါနှစ်ဆ။ နှမတစု။ မောင်ပုငယ်က။ အညီမျှရှင့်။ အစ်မအိမ်ခြား။ မောင်ဘွားတူနေ။ ဖြစ်ပချေမူ။ ငယ်စေနှစ်ဆ။ အမတူနေ။ ဖြစ်ပေကလျှင်။ နှစ်ဆပင်ရှင့်။ တင်မြီစုချ။ မိဘဝတ်စား။ ခမ်းနားဆောင်ရောင်။ မောင်နှမလိုက်။ ထိုက်ရာယူစား။ ကျားချည်းမချည်း။ သုံးပေနည်းမှာ။ ဒွါဒိယဍ္ဍံဇ။ စည်လိုက်ပေးလော့။ ရှေးဦးယောကျ်ား။ နောက်နှစ်ပါးမှ။ ဖြစ်လကမူ။ မိဘဝတ်စား။ ကြီးသူများဘက်။ မွေစုနက်တွင်။ တက်ခုလတ်ကျ။ မောင်ငယ်ကမူ။ အစ်မနည်းရှိ။ မမရွှမှာ။ ခုလတ်သာလှင်။ လျှော့ပါမမှား။ တူစားတူနေ။ ဖြစ်ပေသမျှ။ ကိုယ်ရစုတက်။ နှစ်ဆတက်ရေး။ ကြွေးလည်းသည်လျှောက်။ ယွင်းမဘောက်သည်။ ။ သုံးရော်ဝေပုံတာငန်းတည်း။ ၁၆။ ညြရသ်ခြားနေ။ မွေဥစ္စာနက်။ တဝက်သုံးဆ။ မိဘရှိခိုက်။ ယူလိုက်တုံလျှင်။ မသင်းသီးရ။ အညီမျှလော့။ ညြရသသေ။ ကျန်လေသူနှင့်။ ဖြစ်လင့်မူကား။ ထက်ဝက်ခြား၍။ သားခြင်တစ်ယူ။ ကျန်သူတစ်ရ။ ကနိဋ္ဌတို့။ ညြရသတူ။ ယူလျှင်ထက်ဝက်။ လက်ရှိသူရ။ တစမွေစု။ ပြုလော့စေ့စုံ။ မွေပုံနိုကြ်ဝယ်။ ဆယ်ဘို့ရှစ်ဘို့။ ကတဘို့မူ။ သင်းသီးဟူငြား။ သည့်တက်များမူ။ ရှေးလားမဝေး။ ဝေ၍ပေးလော့။ ကောက်မွေးတူစား။ သားရင်းခြားနေ။ မိဘသေမူ။ မွေခြောက်စုခင်း။ သားရင်းငါးဆ။ ကောက်ရတစ်ယူ။ ထိုသူခြားနေ။ အမွေမယ။ လက်ရောက်မျှမှတ်။ ညြရသ်ကိတ္တိ။ သားမရှိလျှင်။ ဉာတိနှင့်မျှ။ တူနေမှရှင့်။ ခြားကလက်ရောက်။ အဆွေခြောက်မှာ။ ပါရင်းနွှယ်လိုက်။ ထိုက်ရာကိုယူ။ စုံပွါးမူကား။ နောက်သေသူနွှယ်။ နှစ်နွှယ်တူကွ။ သင်္ဂြိုဟ်ကတူ။ ကောက်မွေးသူစစ်။ မျိုးဆွေဖြစ်လျှင်။ ခြားပင်နေစေ။ မျိုးဆွေနှင့်မျှ။ မိဘအိမ်မူ။ အတူကိတ်ညြ။ ဇကောဖျည်းမှတ်။ ကြီးလတ်အငယ်။ သားသုံးသွယ်မှာ။ ဆပဋ္ဌာဇော။ သဘောစေ့ငှ။ စည်လိုက်ပြု၍။ တစုစီကျ။ ကိတ်ကိုမျှလော့။ ထေးလှနှင့်မူ။ အတူကိတ်ရ။ ဝေပုံရ၏။ ညြရသများ။ အိမ်သီးခြား၍။ တူစားကိတ္တိ။ ဖြစ်ဘိချေထ။ စထွေကရှင့်။ ကိတ္တိမချား။ စုကားမဆိုင်။ လက်ရောက်ပိုင်ရေး။ သားမြေးမြစ်တီ။ ဤမွေခံလေး။ ကင်းဝေဘိက။ ကိတ္တိမလျှင်။ ရ၏ချက်ကုံ။ ထူးမှာတုံအံ့။ နှစ်စုံသေသူ။ မွေဒမိစုကို။ သေသုမွေစား။ နှင့်ညီခြား၍။ စားလောမယွင်း။ သားချင်းလူသုံး။ နပုံပဏ္ဍကု။ ဖြစ်ကသင့်ရုံ။ လိုကျုံဆွံ့အ။ ချိုတဲ့ကမူ။ ရစုတိုင်းမှတ်။ ကျွေးလတ်မွေးလတ်။ သေကင်းပြတ်က။ မွေးသူရ၏။ တဦးကသာ။ တဦးမှာသည်။ ။ မောတ္တာရစ်လိမ့်ရှွေနန်းတည်း။ ၁၇။ ဆဲ့တစ်တရား။ ။ ဘေး၏မွေရိုး။ ဘိုးတွင်ဝေရေး။ မဝေသေးမူ။ သားမြေးမြစ်ခြင်း။ ဝေဘိလျှင်းလော့။ ယင်းတွင်သူက။ ဘိုးနှင့်အတည့်။ တို့ကမြေးမြစ်။ ဖြစ်လည်းဝေရ။ တဘက်ကတီ။ ဤလည်းဝေလျှင်း။ တီချင်းချင်းမှာ။ ပြတ်ကင်းသောအား။ မဝေချားလင့်။ ရှေးဖျားသမီး။ ပွါးစီးငါးခြောက်။ နောက်တယောက်သာ။ ယောကျ်ားပါလတ်။ ညြရသ်ဖြစ်လင့်။ အခင်းစီးနင်း။ မိမင်းဆောင်ရောင်။ မောင်နှင့်အမ။ ကြွင်းသမျှမှာ။ အစ်မမောင်တူ။ ကျန်သူတို့၌။ စုလိုက်ဝေစား။ မယားသေလွန်။ ကျွန်လက်ဆုံစား။ သားနှစ်ပါးမှာ။ ထက်ပါဘသား။ လက်ထက်ပွါးမူ။ ကျွန်သားနှစ်ဆ။ ဘသားတစ်သာ။ တက်ပါကင်းငြား။ လက်ထက်ပွါးကို။ နှစ်ပါးညီမျှ။ သန္တကကျွန်။ မှန်မူထက်သား။ စားစေနှစ်ဆ။ တဆကျွန်သား။ ယောကျ်ားသေထွန်။ ကျွန်လင်လက်ဆုံ။ သားနှစ်စုံလည်း။ ငှင်းနည်းပေးမယားသေ၍။ နောက်နေမယား။ ရွှေရှားလေရာ။ ချင့်ပါသမီး။ နှင့်နေပြီးတုံ။ နှစ်ပါးစုံသေ။ သားသုံထွေတို့။ ဝေစားခြင်းကား။ မိရင်းပိုင်စု။ ငါးဘို့ပြု၍။ သုံးစုသားရင်း။

ကြွင်းသားတစ်စီ။ မျှ၍လီလော့။ ဤတွင်ထူးကား။ နောက်မယားနှစ်။ သားမဲ့လစ်ခြေ။ အဘသေငြား။ သားမိထွေးမှာ။ အဘပါကို။ သားသာယူဘိ။ မိထွေးမိက။ ပါသမျှကို။ ရ၏မိထွေ။ ကံပေးနှစ်ပါး။ ဥစ္စာပွါးမှာ။ သားတစုရ။ နှစ်ဆမိထွေး။ ရှေးအထက်ပါ။ ဥစ္စာအထူး။ တဦးဦးမဲ့။ ဖြစ်လတ်ခဲ့မူ။ ပါသူတို့က။ လေးပုံးကျတွင်။ တဆကိုသာ။ မပါသူ့သွေး။ တို့ကိုပေးရှင့်။ ကြွေးနည်တူပေ။ လင်သေလင်ရှာ။ လင်ပါနှင့်ငြား။ နှစ်ပါးသေသူ။ အမွေစုကို။ ဝေမှုသော်ကား။ ရှေးအလားသည်။ ။ မခြားလေဘွယ်နှုန်းနန်းတည်း။ ၁၈။ ခြောက်တရား။ ။ မိဘနှစ်ပါး။ မပေးသားနှင့်။ ပေးသားမှာမူ။ ပေးသူဩရဒ်။ ဝတ်စားဆောင်ရောင်။ ထို့နောင်မွေစု။ ဆယ်ပုံပြုမှ။ တစုကိုသာ။ ရစေအကြွင်း။ သားချင်းအများ။ မပေမပေးသားတို့။ ခြားသီးဆယ်စု။ တစုတစု။ လုရေတွက်လိုက်။ ကြွင်း၌အမျှ။ ဝေကြစေသား။ ပေးများသန္ဓေ။ စွဲနေမကွာ။ နောက်လင်မှာဘွား။ နောက်လင်သားတို့။ ဝေးခြားရပ်ခွင်။ နောက်လင်ရိုးရာ။ တန်ဆာဝတ်စား။ နောက်မြင်သားတည့်။ စုံပွားအနက်။ နှစ်ထက်သုံးနောက်။ မိသေပျောက်မှ။ ရောက်သည့်ဘမွေ။ ထက်ဇနောက်ဒွ။ မိကပါရင်း။ မွေခပင်းမူ။ ညီတူအောက်ထက်။ တချက်နောင်ညီ။ နိဿိနိဿယ။ သဘောဆ၍။ နိဿယဒွိ။ နိဿိဇကေး။ အရင်းပေးသူ။ အရင်းယူပြီး။ ပွားစီးအမျှ။ သေကကျန်သူ။ ရစေဟူ၏။ သူတယောက်တည့်။ ချည့်နဲ့ဆွံ့အ။ ဖြစ်လကတုံ။ စားဝတ်ရုံမျှ။ ပေးကြပစေ။ နောင်သေမယား။ သားနှင့်ညီလု။ ဝေရန်ပြပိန့်။ ပါကြရင်းမှာ။ ပါသူသာစား။ လက်ထက်ပွားမူ။ သုံးပါးညီမျှ။ ဘိုးဘရိုးရာ။ မသာလွန်ပြီ။ ညီဆောင်ညီစား။ သားဆောင်သားရ။ မိဘအမွေ။ တူနေကြမှ။ ရလျှင်မူကား။ ပွားမဆိုသာ။ ကိုယ်တာကိုယ်ဝန်။ ရင်းရန်စိုက်သူ။ ရင်းယူပွါးက။ သုံးညီမျှရှင့်။ ညီလုသေငြား။ မယားသာကြွင်း။ နောင်ရင်းတူနေ။ ယင်းအမွေလည်း။ တထေဝသော။ သဟောဒရိယ။ ရှိကြအများ။ တဦးသားလှင်။ တဦးတွင်သာ။ မှီနေရာနိုက်။ သာနာသေဆုံး။ သုံးရပ်ဆောင်သူ။ ယူလောမွေစု။ သေသုမွေးမီ။ မဝေဤကို။ အညီဖြတ်ခွင်း။ သားချင်းတစ်ယူ။ ပြုသူတစ်ရ။ ဘကသမီး။ သားကြီးကိုမိ။ ဖြန့်ချိဝေမူ။ လေးတစုကို။ တဥတုံဘွား။ သားချင်းများနှင့်။ ဝေစားကျခြင်း။ စီးနင်းဆောင်ရောင်။ နောင်အစ်မတို့။ အဘို့သက်သက်။ ကျန်အနက်လည်း။ ကွယ်ပျောက်မိဘ။ သေမှထိုက်ရာ။ ဝေစပါလော့။ ခန္ဓမိဘ။ ရှိကဝေကြောင်း။ မဆိုကောင်းသည်။ ။ နှောင်းမှခွဲစေတခန်းတည်း။ ၁၉။ ဆယ်တရား။ ။ မယားစည်လျောက်။ သုံးယောက်သေငြား။ သားသုံးဦးမှာ။ မိပါရိုးမွေ။ ယူစေမိသား။ ကိုယ်အပွါးကို။ ကိုယ်သားနှစ်ခု။ သားနှစ်ခုမှာ။ တခုစီရ။ မြီရှိကမူ။ ဤနည်းတူပင်။ လင်အစည်လျောက်။ သုံးယောက်သေသား။ ဝေစကာလည်း။ မခြားလေဘွယ်။ အငယ်လပ်ကြီး။ သမီးနှစ်စီ။ ခြောက်လီမှာဝယ်။ ငယ်ချင်းလတ်ချင်း။ ကြီးချင်းညီမျှ။ တနည်းပြပိမ့်။ ကြီးဒွမှာမူ။ ငယ်နှစ်ဟူ၏။ ကြီးသူနှစ်ခွဲ။ အလည်တွဲလည်း။ မတွဲတုံမြောက်။ အောက်နှစ်ယော်၌။ မောက်ဆခွဲဘက်။ ထက်တဆယူ။ ဟူ၏ဆင်ခြင်။ ပြေးလင်၏သား။ ပေးကျွန်သားမှာ။ ပြေးသွားဘမျိုး။ ဥစ္စာရိုးကို။ ခိုးစားပင်စာ။ ပြေးရာပွါးမှ။ နှော်သားတဆ။ သံငြဲတက်သူ။ နောက်လူကြင်မှ။ မိဘကသက်။ မွေစုနက်ကို။ ထက်သားမဆိုင်။ အောက်သားပိုင်ရေး။ ပြေးသည်မယား။ ပေးစားကျွန်မ။ သားနှစ်ဝလည်း။ ထက်ကအလား။ မွေချားပြီးမှ။ တူကွနေသား။ သေလုငြားမှ။ တူစားတူနေ။ သေသဂြိုဟ်သား။ ဝေစကားမူ။ သေသူပိုင်သ။

လေးတဆကို။ တူကွနေသား။ ကျန်သည်များမှာ။ မွေးစားတစု။ ထိုက်ရာပြုပြီး။ သဂြိုဟ်သူတွက်။ တွင်နှစ်တက်မျှ။ ထိုက်သက်၏ဟူ။ သဂြိုသူဟု။ ယူမည်လုံး၀။ မဆိုရသည်။ ။ သည်မျှသာလျှင် ပြဋ္ဌာန်းတည်း။ ၂၀ ။ ရှစ်တရာ။ ။ မိဘသေလျှင်။ သားချင်းခပဲ။ မွေမခွဲမှ။ ဓိဝိတိန္ဒြေ။ တဦးကြွေက။ ချင်းမွေရသင့်။ ချင့်သားမယား။ ခံစားတို့ရ။ မိဘသေနောင်။ အိမ်ထောင်မကျ။ သေလကမူ။ ထိုသူထိုက်တန်။ မှန်သည်များကို။။ သားချင်းအမျှ။ စားရတုံလတ်။ ဩရသ်ဟောဋ္ဌမ။ ခေတ္တဇတို့။ ဝေကြတုံလစ်။ ဓောဇက်အဋ္ဌ။ ခေတ္တဇမူ။ မိဂ္ဂိကမိ။ ကုလိတ္တိဆ။ သားခြောက်ဝမှာ။ ဇရာဇာ။ ဒွိဇမှာတိ။ ဝါနိဇ္ဇိသွေး။ နျစ်စုပေးထွန်။ လယ်ထွန်သူရ။ တစုကျစီ။ နီစရင်းသွေး။ ပေးမိသမျှ။ ကိုသာရ၏။ မိဘနှင့်သား။ သမီးများတို့။ ဝေခြားပြီးခါ။ မိဘမှာလျှင်။ အိုစာထား၍။ သားတယောက်ထံ။ ပျော်စံပြီးနောင်း။ တယောက်ပြောင်းရာ။ နာစည်သေစည်။ အယည်အချေး။ အရေးကုံစွာ။ ဆောင်ပြီးခါတည့်။ အိုစာမွေစု။ လေးပုံပြု၍။ တစုရှေးမှီ။ သုံးလီနောက်ပြောင်း။ ရစကောင်းရှင့်။ ၄င်းမိဘ။ အိမ်ကမခွါ။ သာနာသေတိုင်။ လုပ်ကိုင်ကုန်အောင်။ ဆောင်လင့်ကစား။ ထိုသားချည်းသာ။ မစားရရှင့်။ သားချင်းနျင့်လျှင်။ စုသင့်အကျ။ ဝေစားရ၏။ ထိုမှတခြား။ အမွေစားပြီး။ သားမယားမဲ့။ သူသေခဲ့က။ အစ်မနောင်ကြီး။ ဦးရီးအရီး။ မိကြီးမိထွေး။ ဘိုးဘေးမိဘ။ မရစကောင်း။ နှောင်းညီအငယ်။ နှစ်မငယ်သား။ ရရာဇကေန်။ မွေမဆန်ရှင့်။ သို့မှန်တပြီး။ အောက်မရှိက။ မိဘပင်စား။ သားဩရသ။ မိဘလက်တွင်။ သေလျှင်ချင့်သွေး။ ချင့်ညီထွေးနှင့်။ သင့်၏အမျှ။ မိန်းမဩရသ်။ ဖြစ်လတ်စေမူ။ နည်းတူမခြား။ ကနိဋ္ဌဘွားမြို့။ ချင်းတို့မိဘ။ အစုကျကို။ လေးဆပြုလိုက်။ တစုထိုက်သည်။ ။ မှတ်ပိုက်မသွေမယွန်းတည်း။ ၂၁။ ဆဲ့တစ်တရား။ ။ မိဘတွေးမှာ။ ထက်ပါပုမိ။ တတိယက္ကမ။ ဥဒ္ဒေသနိုက်။ အဘနှောင်းနေ။ သားမဲ့ခြေလျက်။ ဘသေတပြီး။ နှောင်းမိထက်သား။ ဝေစကားမူ။ စုံပွားရှိစု။ ခြောက်ပုံပြု၍။ တစုထက်သား။ ငါးမိတွေးဘက်။ ထက်ဥစ္စာက။ လေးတဆမှာ။ စူဠမာတု။ သုံးစုထက်သား။ ယင်းစကားတွင်။ ဘခင်မွေသက်။ နှောင်းသုလက်မှ။ ရောက်ကမြေးစု။ မပြုသင့်ပြီ။ မျှညီဝေလစ်။ မြေးစုဖြစ်က။ မရမိတွေး။ ကြွေးနည်းတူသာ။ မိထွေးပါကို။ လေးပြာတဆ။ ထက်သားရ၏။ သုံးဆမိထွေး။ ဝေပေးမမှား။ ဘထွေးသားတို့။ ဝေခြားရန်လည်း။ ၄င်းနည်းရှိ။ မိနှစ်မက။ ကျားကပုနှစ်။ ပါလစ်သင့်ကျ။ ပုနျစ်ရလေ။ မိသေမိပါ။ ဘသင့်ရာတွင်။ ပုဒ္ဒါမိဒွေး။ မွေး၍ဘခင်။ သေလျှင်ဘပါ။ သားနှင့်သာတည့်။ သင့်ရာမိဒွိ။ ပုတိမွေးထွေ။ မိထွေးသေသော်။ ဝေစားကျရေး။ မိထွေးမိပါ။ ဘပါဘသား။ ပွါးမှာပွါးရှင့်။ ဘခင်နှောင်းနေ။ သေချင်ပါနှင့်။ သင်၍ဘသေ။ နှစ်တွေနှောင်းတွင်။ မမြင်မြိတ်ခ။ အကရင်သွေး။ မိထွေးနှင့်သာ။ ဝေစရာကား။ ဘပါဘသွေး။ မိထွေးမိပါ။ မိထွေးသာစား။ လက်ထက်ပွါးမှာ။ ထက်သားတဆ။ စူဠိဒ္ဒရှင့်။ တဦးကမှာ။ ရင်းမပါမူ။ ပါသူတို့က။ လေးတဆကို။ မျှလော့မမှား။ သားတလင်းမြင်။ နှောင်းဘခင်တို့။ ဝေလျှင်မိပါ။ ဘထွေးပါကို။ လေးပြာစီပြု။ ရင်းသသုတွက်။ သုံးစုဘက်ရှင့်။ ဖျားလက်သို့မူ။ တစုဟူ၏။ ကံတူပွားရှောင်း။ နှောင်ဘပဋ္ဌေး။ ဇကေးထက်သာ။ သို့ဝေခြားလော့။ မယားများ၍။ သားတယောက်မျှ။ ဖြစ်ကသားညို့။ မိထွေးတို့ထက်။ တိုးတက်စားဘိ။ သားမရှိမူ။ မျိုးတူမယား။ ညီမျှခြား၍။ စာလော့လင့်မွေ။ ဘင့်မသွေသည်။ ။ ကျင့်စေဘော်ပြရွှေခွန်းတည်း။၂၂။ ရှစ်တရား။ ။ ထွေးဘမိအား။ ထက်အောက်သားတည့်။

ထားခဲ့စတုတ္ထ။ ဥဒ္ဒေသနိုက်။ မိဘထက်သား။ ဘတက်သားနှင့်။ နှစ်ပါးတွင်မွေး။ မိဘထွေးတို့။ ရှေးအထက်ပါ။ လေးဖြာပိုင်းခြား။ အထက်သားတေး။ ထွေးသူတဘို့။ ကျမ်းအချို့က။ ရှစ်ပုံပြုပြီး။ ပဥ္စအထက်။ ထွေးလက်သို့ဒွ။ နှောင်းရရင်သွေး။ တစုပေး၏။ ရှေးပါရင်းမဲ့။ ဖြစ်လတ်ခဲ့မူ။ ပါသူကငါး။ သီးခြား၍ဝေ။ ပါသူသွေးတည့်။ ကျန်ဒွေးကိုတိ။ ပုံပြန်ဘိမှ။ တဆကိုသာ။ မပါထက်သား။ နှစ်ပါးမွေးဒု။ ကံပြုစုံပွါး။ ဥစ္စာများကို။ စုံသားမှာဒွေး။ ဇကေးပုဗ္ဗက။ စူဠပဥ္စာ။ မှာပိမ့်တခြား။ တလင်သားနှင့်။ နှောင်းသားဘထွေး။ ဝေကြရေးမှာ။ ထက်ပါစုံပွါး။ နှစ်ပါးမွေနှစ်။ ပုံရှစ်စီချည်း။ အထက်နည်းပင်။ ဆင်ခြင်ပါလေ။ တထွေတို့နောက်။ အောက်သားထက်သား။ နှစ်ပါးဝေခြင်း။ ခင်းခဲ့ပဥ္စမ။ ဥဒ္ဒေသနိုက်။ မိဘလဦးသေ။ နှောင်းနေလည်းကွယ်။ သားနှစ်သွယ်မှာ။ ဥစ္စာသုံးမျိုး။ ဝေရိုးမူကား။ ဘသားဘပါ။ မိပါမိသား။ စုံပွါးမှာစုံ။ နှစ်ပုံယူရ။ တဆတက်သား။ ကင်းငြားထက်ပါ။ မကင်းရာက။ လေးစုကြတွင်။ တဆဝေစား။ နည်းတခြားမူ။ ထက်သားထက်ပါ။ သုံးမှာနှစ်ပုံ။ စုံတစုသား။ လက်ထက်ပွါးကို။ စုံသားနှစ်ဆ။ ထက်သားကလျှင်။ တဆသာယူ။ သို့လည်းဟူ၏။ ကြံယူစာနာ။ ဘပါမိပါ။ နှစ်ဖြာတွင်ဘွား။ သားသုံးပါးမှာ။ ဘပါဘသား။ မိသားမိပါ။ စုံပွါးမှာမူ။ စုံသားယူရှင့်။ ကင်းလင့်စုံပွါး။ ထက်သားဘို့က။ လေးတဆစီ။ မျှလော့မယွင်း။ ပါရင်းမရှိ။ ဖြစ်ဘိမူကား။ နှစ်စုံပွါးကို။ ငါးဆပြု၍။ တစုကြစီ။ ချစ်လီထက်သား။ စားလော့သုံးမှာ။ နောက်သားသာတည့်။ ကြွေးမှာစုလိုက်။ ကိုယ်စီထိုက်သည်။ ။ မရှိုက်မပိုမစွန်းတည်း။ ၂၃ ။ ဆယ်တရား။ ။ ဘိုးဘွားရင်းနှင့်။ မြေးရင်းဝေရေး။ ရှေးဥဒ္ဒေသ။ ယင်းဆဋ္ဌနိုက်။ မြတ်လှဘိုဘွား။ ရင်သွေးများက။ သီးစားခြားနေ။ မွေမှီမမှီ။ မြေးနှစ်လီမူ။ အတူနေစား။ ဘွားသော်ဘိုးသော်။ မပျော်လုရွာ။ ဘွားမှာဘိုးမှာ။ ဥစ္စရကြောင်း။ မြေးတို့တောင်းမူ။ ၄င်းမွေပေး။ မမှီမြေးက ချင့်မိဘတွက်။ ဝက်ကိုဝက်၍။ မပျက်ယူစေ။ အမွေမီမှာ။ နှစ်ဖြာဘိုးဘွား။ ရှိလငြားစည်။ ဝေစားမရ။ ဘိုးကဘွားက။ မြေးနှစ်ဝကို။ ပေးထထုံမြောက်။ လက်ရောက်မရောက်။ မဘောက်ရမြဲ။ မကွဲတဝေး။ ကျွေးမွေးအပ်ငြား။ ဘိုးဘွားတသန္တန်။ မှန်၏လက်သေး။ ဘိုးတွေးဘွားတွေး။ ထက်မြေးတခြား။ စကားစည်လျှောက်။ ခုနှစ်မြောက်နိုက်။ နေ့ံဘိုးဘွား ထွေး။ မြေးနှင့်ဝေရာ။ ထက်ပါထက်ဝက်။ ပွားနက်ရှစ်စု။ တွင်တစုမြေး။ ဘိုးဘွားတွေးသတ်။ ထူးလတ်သည်မှာ။ ပါဥစ္စာကို။ ငါးဖြာပြု၍။ လေးစုကားမြေး။ ထွေးဇကေးမြွက်။ ခက်၏ဆင်ခြင်။ ထွေးလျှင်သေသတ်။ မွေပြတ်ဖြစ်လျှင်း။ မြေးတလင်းတို့။ ခပင်းဥစ္စာ။ မတောင်းရာရှင့်။ တဖြာတို့နောက်။ အောက်သားထက်မြေး။ ဘိုးထွေးဘွားငယ်။ ရှစ်ကြိမ်ဝယ်ကား။ အောက်သားနှင့်မြေး။ ဘိုးဘွားထွေးမှာ။ ထက်ပါလေးဆ။ ထွေးရတခု။ ကျန်သုံစုကို။ ပြုပြန်ငါးဆ။ သားဒမြေးတိ။ ချင်ဘမိမွေ။ ဝေမီပါ။ ဥစ္စာကိုမှတ်။ ပွါးရှိလတ်က။ အဋ္ဌတွင်မြေးဇက်။ တူနေလစ်စေ။ ဘိုးမွေကိုသား။ သားမွေကိုမြေး။ ပေး၍သီးခြား။ ပါလငြားမူ။ အောက်သားနှင့်ထွေး။ ကိုမပေးလင့်။ မြေးအခြားနေ။ ဖြစ်ပေမူကား။ ပွားမရသာ။ ရင်းချာဘွားဘို။ ဥစ္စာရိုးမှာ။ လေးဖြာတဆ။ ထွေးကိုမျှ၍။ သုံးဆစားအပ်။ ထွေးနှင့်စပ်သား။ ဘိုးဘွားဥစ္စာ။ ရိုးမှာလေးဆ။ အနက်ကလျှင်။ တဆခြားနေ။ မြေးရခြေ၏။ ထက်မွေဥစ္စာ. မပါတုံလျှင်။ အသန့်ကင်းသည်။ ။ ရှင်း၏လွတ်စင်ပိုင်တန်းတဦး။ ၂၄။ ငါးတရား။ ။ ကြီးငယ်မယား ။ ပြောင်းမယားတို့။

ခြားနားအပ်ဘိ။ ရှိဥဒ္ဒေသ။ နဝမနိုက်။ သတ်မှတ်ကြည်ယုံ။ လက်ဆုံမယား။
ပြောင်းမယားနှင့်။ ကျွန်းမယားသုံး။ ဝေကြထုံးကား။ လင်ဆုံးသည့်နောက်။
သုံးယောက်မှာလေး။ တေးအဋ္ဌဟူ။ စည်လိုက်ယူမြို့။ မိတို့သေငြား။ ချင်းတို့သားလည်း။
ငှင်းနည်းပေ။ သားများခြေက။ ဝေပုံဆင်ခြင်။ လင်ဘဝခြား။ မယားလင်ပါ။ ချစ်ဖြာဝယ်နေ။
နှစ်ဆွေမိဘ။ တို့ကလည်းပေး။ ငွေကြေးမစပ်။ ပြောင်ခြောက်ရပ်မူ။ ယူစေလက်ရှိ။
ထိုပြီးတခြား။ မယားကြီးသာ။ ရှိပါလျှင်းလေး။ တေးတော်ပြောင်ရောက်။ ကျန်ငါးယောက်များ။
သားမွေးကိုယ်လွတ်။ ဇီလွတ် ဇီဘွား။ နည်းခြားမှတ်ဘိ။ မျိုးရိုးပြောင်ငါး။ ဆခါစားလစ်။
ကျွန်ရိုးဖြစ်က။ မရလွတ်ကင်း။ ချင်းတို့သားလည်း။ ဝေနည်းမခြား။ မင်းပုဏ္ဏားမည်။
ကုန်သည်လယ်ထွန်။ လေးတန်မယား။ ပိုင်းခြားဆယ်ပြာ။ ဥစ္စာအလုံး။ လေးသုံးနှစ်တစ်။
မင်းမျိုးနှစ်မှန်။ ကျန်မယားသုံး။ ဝေထုံးစုဒ္ဒသ်။ မှတ်လော့မျိုးချား။ မယားသုံးမှာ။
တိဒွါဇေက်ဟုတ်။မျိုးယုတ်သားရှိ။ မျိုးမြတ်မိမှာ။ သားမရှိမူ။ ညီမျှယူပါ။ များစွာမယား။
အခြားအိပ်ပ။ ရှိလကမူ။ ကတ္တဂတာ။ မျှသာပိုင်မြို့။ ချင်းတို့ရင်သွေး။ ချင်းသို့ပေးငြား။
အိမ်မမြဲဘဲ။ မယားလက်ဆုံ။ များတုံဘိလျှင်။ ပါရင်းခမ်းဝင်။ ထိုပြင်ကိုမွေ။ ကိုယ်ရစေရှင့်။
သီးနေမယား။ သားညြရသ။ ချို့တဲ့ကမူ။ စွမ်းနိုင်သူပင်။ ဘခင်ရိုးရာ။ ဥစ္စာမွေသက်။
ညြရသ်တွက်ယူ။ ကြွင်းမူမျိုးလျောက်။ နှစ်ယောက်မယား။ ဝေစကားနိုက်။ မယားမြတ်မူ။
သုံးစုယူရှင့်။ ယုတ်သူနှစ်ခု။ ယုတ်သသူအား။ သားရှိတုံလတ်။ မြတ်သူသားမဲ့။ ဖြစ်လတ်ခဲ့က။
အညီမျှလျှင်း။ သါးချင်းချင်းလည်း။ မယွင်းဉာတူ။ ဝေစေဟူသည်။ ။ ကြည်ဖြူနှစ်သိမ့်
ရွှင်လမ်းတည်း။ ၂၅။ ခုနှစ်တရား။ ။ ထွေးအမိ၏။ ညာတိနှင့်ဘက်။ အထက်သားပင်
ဆင်ရင်ကောက်နှုတ်။ ဒသုဒ္ဒေသ။ ဝိတ္ထာယကား။ မိဘ၏နှောင်း။ သက်ပေါင်းသားမဲ့။
စုံသေကဲ့ငြား။ ထက်သားသမီး။ နှောင်းပြီးထိုယင်း။ သားချင်းနှင့်သာ။ ဝေစေရာမူ။
ဘပါစုံပွါး။ လက်ရှိများကို။ ထက်သားပိုင်ကြောင်း။ နှောင်းတို့မွေမီ။ မဝေဉ်ကို။
အညီပိုင်းခြား။ ထက်သားငှင်း။ နှောင်းသုမွေစား။ တို့ဝေခြားလော့။ ဉ်ကားမှတ်လေ။
နှောင်းနောက်သေတည့်။ ရှေးသေမူကား။ မဝေခြားကို။ ထက်သားမှာဒွ။ ဧကကိုတိ။
နှောင်း၏မွေစား။ နှောင်းသူများပင်။ မွေခွင်မမီ။ သေပြီဖြစ်ငြား။ နှောင်းမွေစားမှာ။
ထက်သားတို့က။ မတောင်းရလျှင်။ အသန့်ကင်း၏။ မွေရှင်ရင်းသေ။ မွေခံမဲ့မှာ။
ထိုက်ရာဝေကြောင်း။ ပြခဲ့ရှောင်သား။ ငှင်းဥဒ္ဒေ။ ဆဲ့တထွေနိုက်။ သန္ဓေနှင့်ကွာ။
နောက်လင်မှာဘွား။ သားသမီးကင်း။ ချင့်ဘရင်းသေ။ မွေကိုချင်းရ။ ချင်း၏ဘသည်။
မိဘမေါမီ။ ဉ်ကိုလည်းယူ။ အတူဘိုးဘွား။ ဘမခြားခင်။ ဘသေလျှင်ကား။ မြေစုစားရ။
ချင်းဘခင်ရင်း။ သားချင်းနှင့်မူ။ တူနေ၍သေ။ ကျန်အမွေကို။ တူနေတဝက်။ သားတဝက်ပင်။
မွေရှင်သေပျောက်။ ထက်အောက်သုံးသင်း။ မွေခံကင်းက။ ချင်းလင်မယား။ နှစ်ပါးဦးရီး။
အရီးမိထွေး။ ဘထွေးဘကြီး။ မိကြီးဟူမြောက်။ ဆွေခြောက်ယောက်တို့။ နွယ်လျောက်ယူစား။
စုံပွါးညီမျှ။ နှောင်းသေကမူ။ နှောင်းဆွေယူရှင့်။ သေသူခိုဝင်။ ရှင်စည်သေတိ။ ပြုသူရှိက။
အလုံးရ၏။ မိဘပေးမြား။ လင်မယားလျှင်။ အိမ်ခြားသေဘိ။ သားမရှိက။ နှစ်မိဘတို့။
ပါကြရင်းယူ။ ပါမူအမျှ။ တဦးကသာ။ ထက်မပါမူ။ ပါသူတို့က။ သုံးတဆဝေ။
ရှေ့နောက်သေမူ။ ရှေးသေတဆ။ နှောင်းကြသူကား။ နှစ်စုစားလော့။ လင်မယားရှင့်။
သားနှင့်သမီး။ မွေးပြီးအိမ်ခြား။ ထားပြီးမှသာ။ ကွာကျရာနိုက်။ သည်းချာတို့သေ။

ထိုသေသူတို့။ တူနေမြို့က။ နှစ်ဘို့သာရှင်။ သားကြီးလျှင်ရှင့်။ သမီးရှင်မှာ။ တဘို့သာတည့်။ မောင်သာငယ်က။ ညီမျှဟူလို။ ထိုကွာရင်းသူ။ ပုမရှိမိ။ ခိမရှိဘ။ ရစေအလုံး။ ဥချိုထုံတည့်။ ကြီးသုံးဂုဏ်ရှင်။ မိခင်ဘဘွား။ ဥစ္စများကို။ သားသမီးထံ။ အပ်နှံပြီးမှ။ မိဘကိုမူ။ မမွေးမြူသော်။ ပြန်ယူပစေ။ ယင်းအမွေကို။ ဆွေတော်မတော်။ ကော်ယော်ဝတွား။ ပြုသူများသည်။ ။ စားရခြေ၏လုံးထွန်တည်း။ ၂၆။ ဆဲ့ငါးတရား။ ။ မွေ့ရှင်သေပြောက်။ ချင့်ပေါက်ဘော်များ။ ရင်းဖျူပုတ္တ။ ဒွါဒသုဒ္ဒေ။ ညွှန်ပြဘေအံ့။ သေမွေ့ရှင်အား။ ပျော်မြူးဘွားသည်။ သားနှင့်ပေါက်ဘော်။ ဝေထုံးသော်မူ။ ပျော်ရာမွေ့၏။ ဘထွေးနှင့်မိ။ လက်ရှိပါရင်း။ ခပင်းစုံပွါး။ ဥစ္စာများကို။ ပျော်သားသာပိုင်။ မဆိုင်ပေါက်ဘော်။ သို့တုံသော်လည်း။ နှစ်ဘော်သေသု။ မွေးမိစုကို။ သေသုမွေခံ။ စံလောကုန်စင်။ မထင်မရှား။ သွား၍သန္ဓေ။ စွဲနေပြီးကွာ။ ဘွားခါမိသား။ မိဘများနှင့်။ မခြားတူနေ။ ချင့်မိသေငြား။ ချင့်ဘိုးဘွားက။ ပေးထတုံပြီ။ မိသင်းသီးကို။ ရီးတီးရားတား။ မှတ်မဲ့သားလျှင်။ စားလတုံသင့်။ ချင့်မိမွေဆီ။ မီစေတုံမြောက်။ လက်မရောက်က။ မရတို့လျှင်။ မိသားခြင်းသာ။ ယစေရာရှင့်။ လျှော်ကွာမှဘွား။ သား၏ဘသေ။ ယင်းအမွေကို။ သေသုမွေစား။ နှင့်ဝေခြားသော်။ ဘကားကိုယ်ထီး။ နေထပြီးကား။ သင်းသီးမှန်သမျှ။ ကွာသားရ၏။ ချင့်ဘမူကား။ ချင့်ဘိုးဘွားနှင့်။ တူစားတူနေ။ ဖြစ်ပေတုံက။ သားမရပြီ။ ခိုမှီပေါက်ဘော်။ နှင့်နေသော်မူ။ ပေါက်ဘော်တဝက်။ ကျန်တဝက်တွင်။ သုံးပျက်တပျက်။ ကွာသားလက်သို့။ ပက်လိုက်တို့ပါ။ သာနာသေမူ။ သဂြိုဟ်သူလျှင်။ မတူမျိုးချား။ ဖြစ်ငြားတုံထ။ ပါသမျှကို။ ရ၏ချက်ကုံ။ လေးပုံသီးခြား။ မျိုးမယားနိုက်။ သားတည်းမရှိ။ နိစိတ္တိတွင်။ သားရှိတုံလေ။ မိဘသေမူ။ မွေကိုသားယုတ်။ နှုတ်လော့နှစ်ဆ။ မိဘမျိုးမှာ။ တဆသာလျှင်။ ပြမှာခွဲချမ်း။ ဝေကမ်းလှမ်းသည်။ ။ ထုံးတမ်းစည်လာတင့်ရွှန်းတည်း။ ၂၇။ ခြောက်တရား။ ။ ယောက္ခမနှင့်။ ချွေးမသမက်။ ရှေးအထက်က။ ညွှန်မြွက်ခဲ့ထ။ ဥဒ္ဒေသနိုက်။ မိဘနှင့်မူ။ တူနေရင်းသွေး။ မမွေမီတိ။ သေသည်ရှိက။ ယောက္ခမနှင့်။ ဝေကြရန်ကား။ သေသူများတွင်။ ခမ်းဝင်ပါရင်း။ သင်သီးတယောက်။ လက်ရောက်သမျှ။ ရှင်သူရ၏။ ယောက္ခမထံ။ သက်နှံသေသု။ မွေးမိစုနှင့်။ သေပိုင်ရင်း။ အပ်ထားလျှင်းမူ။ ရှင်သူမရ။ အိမ်ထောင်ကျမှ။ အပ်သမျှကို။ ယောက္ခမသမက်။ တဝက်စီပေး။ ရင်သွေးရှိငြား။ မြေးစုစားစေ။ မွေခြားပြီးမှ။ တူနေကမူ။ သေသူပိုင်သု။ လေးတစုကို။ သေသုမိဘ။ သုံးဆရှင်လူ။ ယူစေတပြီး။ ရင်သွေးရှိက။ သုံးပုံမြ၍။ ယောက္ခရှင်သူ။ မြေးတို့ယူလော့။ မတုအိုးအိမ်။ ကြိမ်ပြီးမှတည့်။ မိဘနှင့်ပူး။ တဦးဦးသေ။ သေသူပါနှင့်။ ပွားမှာတဝက်။ ထိုက်သက်ယောက္ခမ။ ပွါးကဝက်ပင်။ အခမ်းဝင်နှင့်။ ရှင်သူပါရင်း။ ရလျှင်းရှင်သူ။ သေသူထက်ပါ။ မရှိရာနိုက်။ ပါလေအိမ်တက်။ ကိုယ်တဝက်မျှ။ ယောက္ခမစားလျှင်း။ တဝက်ကြွင်းပါ။ သေရာမယူ။ ဟူသ၍မှာ။ သားမက်သာတည့်။ ရင်သွေးရှိငြား။ ချင့်ဘိုးဘွားက။ မစားတို့ရ။ မိဘတွင်မှီ။ သားသွီးသေ။ ကြွင်းလေချွေးမ။ သားမက်လှတို့။ သက်မျှနှောင်းသူ။ နေမူယောက္ခမ။ ပိုင်သမျှကို။ မရသင်ပြီ။ မွေမမှီဟူ။ သေသူတို့အား။ ခြားနားရှေးက။ ပေးသမျှကို။ ချွေးမသမက်။ သက်သက်ပိုင်သ။ ယောက္ခမရင်းထုပ်။ အရင်းနှုပ်မှ။ ပွားသမျှကို။ ချွေးမသားမက်။ နှင့်တဝက်စီ။ သားမက်ချွေးန။ ရင်းဖြစ်ကမူ။ ရင်းယူရင်းရှင်။ ပွားတွင်နှစ်ဆ။ ယောက္ခမတည့်။ မိဘသဘော။ မလျောမပြိုင်။ အနိုင်အထက်။ နေသမက်တွင်။ မမြင်မြိတ်စ။ မိန်းမသေငြား။

ပွားကိုလင်သာ။ သေသူပါစု။ သေသုမိဘ။ ရဏ်အမှန်။ မိဘဌာန်သို့။ လင်ပြံတုံလစ်။ သုံးနှစ်မလာ။ အစာအစား။ စာမပါးချေ။ ထိုလင်သေက။ သာခကေပြု။ သေသုသင်းသီး။ ဖြစ်ပြီးတုံမြောက်။ လက်ရောက်မယောက်။ ဆီထောက်တွေးဆ။ ချွေးမပိုင်လပ်။ လင်ဝတ်လင်စား။ လင့်ခမ်းနားကို။ မယားမရ။ ယောက္ခမသည်။ ။ ပိုင်သဘိသည် မြွက်ညွှန်းတည်း။ ၂၈။ ဆဲ့တစ်တရား။ ။ ကျွန်လက်ရှိမွေ။ ကျွန်သေထိုက်ရာ။ ရှေးမှာဥဒ္ဒေသ။ စုဒ္ဒသနိုက်။ သန္တကကျွန်။ မျိုးရှိကျွန်တို့ ။ နှစ်တန်သခင်။ မမြင်မကြား။ မထိမ်းမြားရ။ သင်ငြနေကြထွန်။ ထိုကျွန်နှစ်သေ။ များထွေအမွန်။ ဥစ္စာကျန်ကို။ သန္တကရှင်။ အစင်ယူစေ။ နှစ်ထွေသခင်။ ကြည်လင်ထိမ်းမြား။ မူကားနှစ်ဆ။ သန္တကရှင်။ မျိုးရှိရှင်မှာ။ တစုသာရ။ သန္တကချင်း။ ဖြစ်လျှင်းတုံလျှင်။ သခင်နှင့်မူ။ အညီယူလော့။ လွတ်သူကျွန်ရိုး။ ရှေးကြိုးဆုံကျ။ မိဘသခင်။ ပေးမြားချင်၍။ ကျွန်လျှင်သေငြား။ ကျွန်ဝတ်စားနှင့်။စုံပွါးကိုတုံ။ သုံးပုံပုံ၍။ နှစ်ပုံသခင်။ မျိုးစင်ကျန်သူ။ ယူစေတစု။ ကျန်သူပါရင်း။ ခပင်းများစွာ။ ဝတ်ဆင်ရာကို။ ယူပ်ကျန်သူ။ လွတ်သူကျွန်ရိုး။ ခိုး၍သင်နေ။ ကျွန်ရိုးသေက။ ကောင်းမွေသွင်။ တင်မြီလွတ်သူ။ ခံယူအပ်ဘိ။ ကျွန်စုရှိကို။ အသိသခင်။ ချစ်ခင်လွတ်သူ။ ကျွန်သေမူကား။ စုံပွားသုံစု။ တင်တစုမျှ။ သခင်ရဏ်။ နှစ်ဆလွတ်သူ။ ရင်းယူရင်းရှင့်။ ချင်းတို့လျှင်ပင်။ ခိုး၍နေမူ။ ကောင်းမွေ့ကိုရှင်။ တင်မြီကိုလွတ်။ မှတ်လော့ကျွန်ရိုး။ အမျိုးရှိကျွန်။ နှစ်တန်တို့နှင့်။ လွတ်သူသင့်လေ။ နှစ်ဦးသေဘိ။ ရှင်မရှိက။ ရှင်ညာတိဟူ။ လွတ်သူပေါက်ဘော်။ ထုံးလျှော်ခွဲဝေ။ ကောင်းမွေဆိုးမည်။ သုံးလီလီ၍။ နှစ်လီလွှတ်နွှယ်။ ရှင်နွယ်တဆ။ ပိုင်သစိုးမိုး။ ဆွေမျိုးကျွန်သေ။ ချင်းအမွေကို။ သုံးထွေပိုင်းခြား။ သားမယာဒွ။ ဇကေသခင်။ ယူငင်ပိုင်ရာ။ ကျမ်းဂန်လာသည်။ ။ မသာမပိုကြလွန်းတည်း။ ၂၉။ ခုနှစ်တရား။ ။ သိဿာစေရ။ သေမျှစကား။ ထားခဲ့ပန္နရ။ ဥဒ္ဒေသနိုက်။ ဆရာချည်းတည့်။ တပြည့်ကိုယ်တီး။ တူမှီးတုံထ။ ရသမျှကို။ နဝဆရာ။ ဇကောသိဿ။ သေကကျန်သူ။ မျိုးတူဆွေတူ။ သင်္ဂြိုဟ်မူကား။ သင်းဂြိုဟ်သူရ။ တူပြုကမူ။ တူမျှခွဲဝေ။ နှောင်းသေဆရာ။ ကျန်ဥစ္စာကို။ သိသာခြားနား။ မူကားနွှယ်လျှောက်။ နှောနှောက်တုံထ။ ဆရာနွှယ်ဒွေး။ ဇတေပြည်နွှယ်။ နှောင်းဝယ်တပြည့်။ သေလှည့်ညီမျှ။ နှစ်ဝံသတည့်။ ဆရာသားမယား။ တပြည့်များနှင့်။ ဝေခြားပြီးလိုင်။ ကိုယ်ပိုင်ကိုယ်ယူ။ သို့ဟူတုံလှည့်။ တပည့်ပိုင်က။ ခိုင်သင့်ကျကို။ ဆရာမွေခံ။ ထိုသို့နှံရှင့်။ ကျခံမြီမူ။ ခံတွင်းစုလိုက်။ သိမ်းပိုက်ပြီးမှ။ ဆရာတွက်တွင်။ ခိုင်ကျဝင်လော့။ ထို့ပြင်တဝ။ မိဘထံနေ။ တပည့်သေက။ ကင်းစေဆရာ။ လက်ရောက်သာတည့်။ ဆရာ၏ထံ။ ကျိုးနွံတပည့်။ သေသည်မူမှာ။ ပါဥစ္စာကို။ ဆရာပိုင်သ။ မပါကမူ။ မရစကောင်း။ ၄င်းဆရာ။ ရဥစ္စာကို။ ဆရာနဝ။ ဇက်သိဿတဠ္ဌ။ သိဿာကောက်ယူ။ ရမူနှစ်ဆ။ တပည့်ရဏ်။ တဆကိုသာ။ ဆရာပိုင်ကား။ လင်မယားမူ။ သေသူရ။ စည်လျှောက်ပြသာ။ သောဠဥဒ္ဒေ။ လှစ်ဘွင့်ပေအံ့။ နှစ်ဆွေမိဘ။ ထိမ်းမြားကြ၍။ သားစသမီး။ မစီးမပွါး။ တပါးပါးသေ။ ယင်းအမွေကို။ လင်သေမယား။ မယားသေလင်။ ရသပင်တည့်။ သို့တွင်သေသု။ ရိုးမွေစုကို။ သေသုသားချင်း။ ယူစေလျှင်းလော့။ သားရင်းသမီး။ ပွါးစီးဘိမူ။ နှစ်ဆူမိဘ။ သေမှထိုက်ရာ။ ဝေစေမှာသည်။ ။ မှတ်ပါဗိုလ်လူတဝန်းတည်း။ ၃၀။ ခြောက်တရား။ ကခဂဆ။ ဇညတနှင့်။ နပရလ၊ ဝလျှင်အဆုံး။ စာလုံးဆဲ့နှစ်။ အာဒိဇက်က။ ဒွါဒသ်ကျမှန်။ ဂဏန်းစည်လျှား။ အမှတ်ထား၍။

သားကိုဥမ္မိုး။ သမီးကိုဤ၊ ရှည်ကပ်မှီ၍။ ကီခုဂီဆီ။ ဇီနှင့်ညုတု။ နိဟူ၇စ်ပါး။
သို့မွေးဘွားသော်။ ကြီးကားကိခု။ ဂီညုမှာလပ်။ သယ်မှတ်တုဆီ။ ထွေးဇိနိတည့်။
လေးလီပိုင်းခြား။ ကြီးနှစ်ပါးက။ ဩရသလျှောက်။ ထိုက်ရာကော်ပြီး။ တယောက်တခါ။
ယူသာယူလွယ်။ နှစ်ဆယ်စီချည်း။ ပုံနည်းတပြေး။ ဒွေးဒိယဒ္ဓိဇက်။ ဒွေးရောက်လစ်က။
ကျန်သမျှကို။ ဆယ်ဆဘန်လီ။ စုဝက်စီယူ။ ကျန်မူရှစ်ဦး။ မကြုံးမရှိက်။ ညီမျှထိုက်၏။
တဝမ်းတိုက်ဘွား။ ဆယ်ပါးစည်စီ။ ကုကုခိဂိနှင့်။ ဆုဇီညုတိ။ နီပုရိတွင်။ ကုခိကြီးမှတ်။
လတ်ဂီဆုဇီ။ ညူတိပုငယ်။ ထွေးဝယ်နိရိ။ ဆဲ့တလီထား။ ကီခိဂိဆီ။ ဇုညုတိနှင့်။ နီပီရိလု။
မှတ်မှူခြားသီး။ အကြီးကီခိ။ ကျန်ကိုးလီမှာ။ သုံးစီဖြတ်ရေး။ လတ်ငယ်ထွေးတည့်။
မှတ်တွေးစေ့ငု။ လေးဥလေးဤ။ ဥဤဥဤ။ ဆဲ့နှစ်လီတွင်။ ကြီးဇီကုခု။ လတ်ဂုဆုညီ။
ငယ်ကီနိပု။ ထွေးရိလုနှင့်။ ပီဟုမှတ်သား။ ဝေပုံထား၍။ ခြားနားရာဝယ်။ ကြီးလတ်ငယ်မှာ။
နှစ်ဆယ်ပုံမြဲ။ လေးပုံခွဲကြ။ ထွေးရောက်ကတုံ။ ဆယ်စီပုံလျက်။ စုဝက်စီမျှ။ တကျမ်းကမူ။
ဒွါဒစုဒ္ဒသ်။ ပန္နရသ်သမိုက်။ ကလပ်ထိုက်ထွေး။ ပေးတခုစီ။ ကြွင်းအညီတည့်။
ဤကလာပ်စည်း။ လေးချက်နည်းတွင်။ ခမည်းခမ်းနား။ မယ်ဘွားဆောင်ရွက်။
ဩရသ်တွက်ကို။ ထိုက်သက်သောအား။ ကျားမကျားတည့်။ မကားမပင်။ ကြီးစည်းတွင်နိုက်။
မမြင်သော်လည်း။ လတ်စည်းမှာရှား။ ပါသူရစေ။ ဥပဒေဤ။ ယင်းကိုမှီ၍။ ဘန်လီစေ့င။
တွေ့သမျှကို။ လေးလကုံတွင်။ သိမြင်စေလစ်။ ကျမ်းဆီညွှစ်လျက်။ ခဲဆစ်ခက်ဆစ်။
ကျစ်လစ်ထွေလာ။ ပြီးသေချာသည်။ ။ ရွှေစာသောတ္တာမှော်ကွန်းတည်း။ ။ အမွေခမ်းပြီး၏။ ။
ပိုဒ်ရေ၁၈။ ၃၁ ။ အိမ်မှုတရား သာမန်အားမူ။ တပါးသာမျှ။ ဝိသေသမူ။ ပရဒါရာ။
ပညာပြစ်မှာ။ မယားလင်ကွာ။ သုံးဖြာပြားထ။ ယင်းသုံးဝတွင်။ ပရတုဒ်။ သက်ဆံတုံလတ်။
ခိုးခြင်းသတ်ကား။ ဟတ္တဃရ။ ဂုယှသလ္လ။ သေဏိယာနှင့်။ ဒွါရာသယန။ အမေကျတွင်။
သေယျဂုယှဌာန်။ ကြုံးလွန်ဤနှစ်။ ပြစ်လုံးထွန်းထွက်။ ထက်ဝက်အကြွင်း။ မင်းပုဏ္ဏားမည်။
ကုန်သည်လယ်ထွန်။ လေးတန်မယား။ မှားသော်လျှော်ထုံး။ လေးသုံးနှစ်တစ်။ မြော်လစ်တရာ။
သပြာမှန်ဟုတ်။ မျိုးယုတ်မှာလျှင်။ ရာတွင်သုံးပြမ်း။ ကမ်းလော့နှစ်ကို။ သောပွယိမှာ။
သုံးရာငွေကျီ။ တနည်းပြဒ်။ ဒါသဒုက္ခ။ ကသကမည်။ ကုန်သည်မြဲးမှတ်။ ငယ်လတ်သမား။
ဟူးရာပညဝါ။ ကြီးရာအထူး။ သုံးဦး၄င်း။ သူကောင်းတသွယ်။ သူကြွယ်သူဌေး။
ငယ်သွေးအလတ်။ ကြီးမတ်ထွေလာ။ သေနာမိဖျား။ ဒေါဗျညားဟု။ မှတ်သားပြီးမှ။
ဇက်ဒွတယော။ ဇောလေးလီမှတ်။ လေးလီအင်္ဂနှင့်။ ဒွါဒသ်မှာဒွ။ ပန္နရဝိသာ။ တိသ်ာအညီ။
တာလီနှစ်ပါး။ ဤသို့အားဖြင့်။ မယားခိုးချေ။ ကျွန်လျှော်စေဟု။ ပုံသေစီရင်။
ဤတွင်ငယ်လတ်။ ကြီးစစ်မတ်က။ အဂ္ဂမဟာ။ ငါးမှာပန္နရ။ ဝိသနှစ်သွယ်။ သုံးဆယ်နှစ်တန်။
ကျွန်လျှော်ရန်ကို။ ကျမ်းဂန်ကိုယ်စီ။ ဆိုမညီတည့်။ ထိုဤများကြွယ်။ မယားငယ်နိုက်။
ပြစ်ဝက်ထိုက်ရှင့်။ မူလိုက်လျှော်ကျွန်။ ဆယ်ကျပ်တန်ဟု။ မှတ်ရန်နည်းကျယ်။
ကပ္ပည်းချယ်သည်။ ။ မျိုးနွှယ်နိမ့်မြင့်။ လျှော်ရေးတည်း။ ၃၂။ ချစ်ခင်သက်ထား။
သုမယားကို။ ယောကျ်ားသုံးဖျက်။ နှစ်ယောက်တွက်စား။ နည်းတခြားမူ။ မှားသူသုံးဝယ်။
သုံးဆယ်စီချည်း။ ယောက်ထည်းသုံးဘန်။ လွန်ပဒုတ။ တိသ်ပန္နရသ်။ ခွဲပါသတ်တည့်။
မှတ်ခဲသည်မှ။ လွန်လကမူ။ ပြည်မတံဆာ။ ဖြစ်စေပါလော့။ သို့ရာတွင်ကား။ စစ်သွားအင်္ဂဆ။
ခနေသောသတ်။ ကုသိုလ်အင်္ဂနှင့်။ ဒသ်အင်္ဂညဏ်။ အိမ်ပြန်နှောင်းနေ။ နှစ်ထွေမှာတိ။

အရှိပိုင်းခြား။ ထိုနှစ်များနို့က်။ ဝတ်စားစာပေ။ မပေးနေလည်း။ ငန့်စေရဦး။
ကြူးသော်လင်သစ်။ နေလစ်ပိုင်ရာ။ စာပန္နလျှင်။ ရောက်လာတုံအံ့။ ကြာတိုင်းငန်းလော။
ချစ်နန့်ပြော်နိုပ်။ ရိုပ်သည်ဒေါသ။ လင်လှရိက္ခာ။ မထားပါဘဲ။ သွားရာအိမ်သူ။
ယူသည်မြီရှင်။ သိတင်းသိမ်းပိုက်။ လင်ဆိုက်ပြစ်စင်။ ထိုလင်ချစ်စ။ မပြယ်ကဉ္ဇ။
မြီကိုဆပ်မှ။ မယားရလိမ့်။ သွားကရိက္ခာ။ ထားပါစမြဲ။ မထားပဲနှင့်။ ယခင်ကာလ။
လွန်ကသစ်နေ။ ကြီးရောက်ချေက။ အပ်ပေနောက်လူ။ မလိုဟူသော်။ ထိုသူပါသမျှ။
သိမ်းရအိမ်နေ။ မပါလေမူ။ ငွေသုံးဆယ်စား။ မယားငြင်းက။ သွင်းတကွလျှင်။ ရှိသမျှရုပ်။
လျှင်ခုပ်နင်ထွန်။ မှုဝန်ဆောင်မည်။ ယူသည်သမီး။ မပြီးဉာ်ရှောင်။ နောက်ဆောင်သူပြီး။
သမီးရမြောက်။ သုံးယောက်မိညဲ့။ လင်စွဲတုံရှောင်း။ သူကောင်းလင်မွန်။ ကိုယ်ဘိုးတန်တည့်။
ကျွန်မူဘိုးဝက်။ မနှစ်သက်က။ သုံးယောက်မကို။ မျှ၍လျှော်လျှင်။ ယင်းသုံးယောက်နက်။
နှစ်သက်သူကို။ ယူလည်းကြွင်းမှာ။ လေဆော်ပါရှေးလား။ ကျားနှစ်သုံးမြောက်။
မတယောက်ကို။ စွဲလျောက်တုံက။ မိန်းမကြိုက်သူ။ ယူစေမင်းထွက်။ ခွက်သုံးဆယ်ကြေး။
ပေးစေလည်းမြွက်။ ရှက်စဘွယ်ဘိ။ ရမ္မက်ငြီ၍။ တိဝသမြောက်။ သုံးယောက်ဆက်ခါ။
အသက်လျာပြီး။ ပမှာနဝ။ ဒုဆတိတေး။ တဝေးစုံစီ။ အရောက်ညီသော်။ နောက်မှီသူရ။
မညီကျမြောက်။ ရှေးရောက်ကာမ။ ရသူပိုင်ငြား။ ဉာ်စကားမူ။ ကုရသူကို။ နတ်ဘူတပတ်။
ခမ်းသည်ဇာတ်တွင်။ သတ်အင်္ဂဒသ။ ဆမဟူထွန်။ သုံးနှစ်ညွှန်နှင့်။ မလွန်မစား။
သည်တက်လျားမူ။ အခြားလူနှင့်။ အိမ်သူသက်ဝေ။ ပျော်ထိုက်လေသည်။ ။
ပြစ်နေလွတ်စင်ကွာဝေးတည်း။ ၃၃။ မြို့စားချင်းချင်း။ လှသက်နှင်းကို။ မှားယွင်းသည်မှာ။
ငါးရာသောဏ္ဍာ။ ထီးဘွဲ့ရနှင့်။ အမ္ဘသေဋ္ဌါ။ ချင်းမှာပြစ်ကျ။ ရွှေရာ့တဆယ်။
မျိုးနွယ်ခုနှစ်ဆက်။ ချင်းတို့သက်မူ။ ပြစ်မဲ့ဟူလည်း။ ထိုသူနှင့်မ။ မဲ့ကပီမာ။
မကွာလေ့ကားရင်း။ ပြာညွှန်တွင်းသို့။ ဆင်စေဖြူဝတ်။ ပန်းစိမ်းမှတ်ပြီး။ ညွှန်လျက်ပုဆစ်။
ရွှေစစ်ဗျည်းဒသ်။ ချင့်မှတ်သန္ဓေ။ ထုံးမွှေပေါက်ပေါက်။ နှင့်မြှောက်ပူဇော်။ လေ့ကားပေါ်တက်။
တချက်ခမ်းဝ။ သုံးကြိမ်ခမြောက်။ ကြောက်ပြီးပဋိညည်။ ရှင်စေနောင်ယွင်း။ ဆွေမျိုးသင်းမှ။
ကင်းစေမှား။ ပုဏ္ဏားရုတ်လတ်။ မြတ်ခြင်းမှာထွန်။ ပစ္စန်သီဟဋ္ဌ။ မရှိမန္တား။
အဘိုးထားသော်။ ဒါးဒသ်သုံးဒု။ ပေါက်ပေါက်ပြုမှ။ တမ္ပရဇတာ။ သောဏ္ဍာရောင်ပြုံး။
သန္ဓေသုံးဖြင့်။ ရှေးထုံးဝတ္တား။ နောက်ကိုမှားသော်။ ဒွန်းစဏ္ဍားဌာန်။ နှင့်စေညွှန်ရှင့်။
သာမန်လူဝယ်။ မျိုးနွယ်ချင်းမှား။ ဘလားရွှေငွေ။ ကောင်းထွေဝတ်စား။ သည်သာခြားရှင့်။
နောက်မှားပြုလုပ်။ ရုပ်လော့အင်ခွင်။ မျိုးတွင်မနေ။ ထွက်ဝန့်ချေမူ။ ရုပ်စေမဆို။
လူဗိုလ်မှတ်ရာန်။ မကျွန်ကျားလွတ်။ မလွတ်ကျွန်ကျား။ ဉာ်နှစ်ပါးကို။ ရှင်မှားဝီသ။
တနည်းပြအံ့။ လွတ်မကျားကျွန်။ ကျားမကျွန်ကို။ ကြူးလွန်အရှင်။ ပြစ်မမြင်တည့်။
သို့တွင်မူငြစ်။ လက်ရှိဖြစ်၍။ လောင်ချစ်ငရဲ။ ရောက်မြဲမချွတ်။ မှန်ဆုံးဖြတ်သည်။ ။
ကျွန်ဘွတ်ကျွန်လိတ်စည်ရှေးတည်း။ ၃၄။ ကျင့်မူတနည်း။ သုနှင့်ရည်း၍။ ပစ္စည်းခံစား။
လင်အားမပြန်။ ဆိုမမှန်သော်။ လျှော်ဒါန်မစပ်။ ကာမလပ်လည်း။ အပ်တိုင်းပြန်ရိုး။
မုဆိုးတိမ်ငြင်။ တကျမ်းတွင်ကား။ ရလျှင်ကာမ။ လျှော်ကျစေရှိ။ ဘာသာသိမူ။
ပေးမှီတိုင်းဆုံး။ လျှော်ထုံးထိုက်ရာ။ ပန္နနံ၍။ ဆက်ဆံစည်တွင်။ လင်တွေ့လပ်က။
အခပေးသော။ မပြောဆိုသယ။ အိပ်ရာတွင်တွေ့။ သတ်၍သေဘိ။ မရှိပြစ်ချည်း။

လျှော်မည်ဆိုတုံ။ တံခါးခုံရောက်လတ်။ ပုတ်ခတ်မသင့်။ ပုတ်လင့်ချေက။ ချ၍လျော်စေ။
သုကြင်ဆွေကို။ လက်ချေဆွဲငင်။ လည်တွင်ဘက်ရမ်း။ ပါးနားနန်းမူ။ လျှော်တမ်းပြစ်ငက်။
မိန်းမလျက်လျှင်။ လာရောက်ဝင်မူ။ ဖျက်သူပြစ်ဝေး။ ရှေးသင်္ကာသူ။ လူနှင့်ကွယ်ရာ။
ကျီဆယ်ပါက။ သပြာဆဲ့ငါး။ လျှော်စားခံယူ။ လူမသင်္ကာ။ တို့မှာပြစ်မှား။ မယားဂိုလင်။
သုသက်ထင်ကို။ ဖျက်လျှင်ညီလှ။ အစ်ကိုစသည်။ ကင်းရသဉ်ပင်။ ခံဝန်လျှင်ဘန်း။
ကြော့ကြမ်းနိုင်ထက်။ ဗလက္ကာရ။ ပြုကသဋ္ဌိ။ မက်ယောနိနိုက်။ လောဟိတုပ္ပဒ်။
ဖြစ်လတ်သုံးရာ။ ညာတကာဟု။ ကာမမူနိုက်။ ထောင်းထုရမ်းကား။ လျှော်စားရှုံးနိုင်။
မပြုပိုင်တည်း။ ထိုင်ရုံတိုင်ရ။ မူလထေန။ ထိသုံးဝဟု။ စုံမှာအင်္ဂါ။ မြောက်ပါသပင်။
မစုံလင်မူ။ ပုံယင်ထွေထွေ။ ပြစ်မျိုးကွေသည်။ ။ ကင်းစေလွတ်စေ လျှော်ကြေးတည်း။ ၃၅။
အသွင်းရည်းစား။ မှန်းထားဟူမြောက်။ စောင့်အရောက်ကြောင့်။ သုံးယောက်နတ်နှုံး။
ငယ်စည်တုံန်းက။ ခင်းအုန်းမြောက်လစ်။ ယင်းသို့ဖြစ်၍။ ကြင်ချစ်ကျွမ်းဝင်။ မှီလျှင်မင်းဒဏ်။
ကြူးလွန်ခိုးပြစ်။ ရပ်ဝေးဖြစ်၍။ မြစ်ကာမဂုဏ်။ ဆန်စုံမှီရာ။ လင်လာအပ်က။ ပြစ်ပမအပ်။
လျှပ်စားပြန်ပိုင်။ သုံးနှစ်တိုင်တိ။ သိလျက်နေက။ မစွဲရချေ။ သုသက်ဝေလျှင်။
အိမ်ခြေရောက်သာ။ လာ၍ပျက်မှီ။ အိမ်ရှိပြစ်ဘွဲ့။ အိမ်မဲ့ပြစ်ကွာ။ မှတ်ပါတုံလစ်။
သုလည်ရစ်နှင့်။ လူယစ်အုန်းပြိုင်။ ကိုယ်တိုင်မတွေ့။ ပြစ်မငွေ့တည့်။ တွေ့ပြစ်ဝက်ပင်။
လင်ရှိကျွန်မ။ ကိုဖျက်ကမူ။ ဝိသမှတ်လျှင်။ ကျွန်ချင်းချင်းနှင့်။ ရှင်ရင်းပန္နရ။
နှစ်ဆင့်ကျအောင်။ ခိုးကလင်စစ်။ ပြစ်နှစ်ချက်စား။ နည်းခြားမှတ်ယူ။ မူစားပပြစ်။ ဒုပြစ်ကိုပ။
ဆိုသမျှအောင်။ မူကောင်းနှင့်မျှ။ သမဏကို။ သတ္တဝါရာ။ ငံ့စပါလော့။ လော်မာယွင်းပါး။
မြောက်မထားဝယ်။ လေးဆယ်လျော်ဘိ။ ကြောင်းရှိလတ်ငြား။ သမားဟူရား။ မိတ်သုံးပါးနှင့်။
တူသွားတူစား။ မခြားအိမ်ဒ်ရာ။ ပြစ်ဆာမငြိ။ ကြောင်းမရှိက။ ပြစ်လျှောက်ကျစေ။
သပုမေနိုက်။ ရပ်စေဥစ္စာ။ ဈေးမှာချည်ရောင်း။ ခေါင်းကိုရိပ်သား။ ရောင်းစားလည်းဟူ။
ထိုအမူကို။ လိုတူပေါင်းက။ အပြစ်ပ၏။ သုခမယား။ ခိုးသွားနီစ။ မယားကလျှင်။
ဒသကျွန်ရေ။ လျော်စေစီရင်။ လင်ခိုးပြစ်မှာ။ သပြာပဥ္စ။ ပန္နရတခြား။ နားဆံထုံးပိုင်။
ကိုယ်တိုင်သာဟူ။ စေမူဖျက်မူ။ ဘဲ့မူမှားဘက်။ နားဆံတွက်ကား။ ကြေးခွက်သုံးဆယ်။
ကျွန်လင်ဝယ်သာ။ တကျမ်းစာက။ မှာ၏ကြေးလျှော်။ မတော်မရား။ မယားခိုးမူ။ မစုမဲ့ကျွန်။
ခြောက်ဆယ်တန်မှတ်။ ရာဇသတ်တည့်။ ဓမ္မသတ်ဝယ်။ သုံးဆယ်ဟူလို။ မူထိုထိုနိုက်။
ဆိုမညီထွန်။ ယုတ်လွန်တူမျှ။ နိုင်းဆသိမ်းအုပ်။ အချုပ်ဇက်ဒွေး။ လေးကမ္ဘာလား။
စစ်ရန်များသည်။ ။ တရာ၇က်လိမ့်ရှုတ်ထွေးတည်း။ ။ ပရဒါရခမ်းပြီး၏။ ပိုက်၇၅။ ။ ၃၆။
ကညာခန်းကို။ ဘွင့်လှစ်ဆိုပိမ့်။ လိုတူမတူ။ မျိုးတူစိတ်လျော။ သဘောသာတူ။ မျိုးမတူဟု။
မှတ်ယူအာကာရ။ ပြားထလေးဖြာ။ ဆန္ဒာဆန္ဒ။ သဒိသနှင့်။ အသတိသာ။ ကျွန်ကညာဟု။
ငါးဖြာတကြောင်း။ ပေါင်းသော်ကိုးသင်း။ တနည်းခင်းအံ့။ မင်းပုဏ္ဏားမည်။
ကုန်သည်လယ်ထွန်။ လေးတန်ပညပ်။ နောက်ငါးရပ်နှင့်။ စပ်၍ကိုးဝ။ မျိုးမယ်လျှတွင်။
ပနိုက်ပြစ်ကွာ။ ဒုမှာဒဏ်နေ။ တသင့်စေတည့်။ ပေါင်းစေစတုတ္ထ။ သွေကပြစ်လျှောက်။
လေးမြောက်ကညာ။ ငယ်စွာပုလု။ နိုက်တက်ပြုသော်။ ဒုနှင့်သေဋ္ဌ။ ဒွိဇရာဇာ။
မျိုးလိုက်သာတည့်။ ဇက်ဒွါတိစက်။ မြောက်လတ်တရာ။ သပြာလျှော်ဒဏ်။ လေးမျိုးကျန်နှင့်။
ကျွန်ပါငါးလီ။ ငါးရာညီကို။ ရာစီရတ်ဘိ။ သန္ဒေရှိပြစ်။ မဲ့လစ်တဝက်။ ဗလက္ကာရ။

လုံးထွန်းကျ၏။ ထိုမှတရပ်။ ကြီးသွပ်မြီနာ။ ဝေးလာသန္တေ။ အဆွေခြောက်ပါး။ ဘွားနှင့်မိဘ။ မောင်မနှစ်သွယ်။ ငယ်ညာတိနီ။ ဧကဝီတွင်။ မညီကျမ်းလာ။ နောက်နှစ်ဖြာကို။ ပယ်ခွါပြီးမှ။ သီလစောင့်ယူ။ ငယ်သူနှင့်ဘိုး။ သုံးယောက်တိုး၍။ မျိုးကညာလှ။ ဗာဝီသဟု။ ပြုပြီးတုံလတ်။ အင်္ဂနှင့်ဒသ။ ဒွါဒစည်စီ။ ဂေါရီကုမ္မာ။ ကညာမှတ်ထ။ လွန်ကမဟာလ်။ တတန်ပြားလတ်။ သတ်အပ်ဒသ။ ဒွါဒဘေးရည်။ ပန္နရသ်ဝီသာ။ ပဥ္စာဗီသ။ တာလီသဟု။ ကိုး၌ာနသော။ ရွယ်သဘောတွင်။ ဒါဂေါကကု။ ရှေးသုထုံးနှုန်း။ သွေးစုန်းမုံလှ။ သုံးဝဖျက်မှတ်။ မည်းဝန်းညွှတ်နှင့်။ ကြွင်းလတ်ရွယ်ကြူး။ နောက်တဦးသည်။ ။ မြှောင်းတူးသညာမည်ပေးတည်း။ ၃၇။ မျိုးမြတ်အသွင်း။ မှုခင်းဆောင်ကြည်း။ ခဲယည်းကြောက်ခ။ ကုသလိုတူ။ ဟူ၍ခြားသီး။ သမီးပေးရှစ်။ ဧက်ယွင်း လျှင်သိမ်း။ ဒုထိမ်းမြားက။ သွင်းမရရာ။ တမှာသုံးနှစ်။ လေးဆစ်ဆောက်နှင်း။ ငြီးကိုယ်ဘိုးစား။ ငါးကြောက်ပြေမူ။ ပြန်ယူပြန်ရ။ ဆစပ်ရှက်မိ။ ပိုင်ဘိပုံသေ။ သတ်ပေးစေတည့်။ သွေကိုယ်ဘိုးမှတ်။ အင်္ဂစပ်ပိုင်မြွက်။ မစပ်ရှက်မူ။ ဘိုးဝက်လျှော်ဆောင်။ အောင်ဆိုဆန္ဒ။ မိဘပေးမြား။ ယင်းသုံးပါးကို။ နေစား၍ပေ။ ကျားသွေးဆုံးသွင်း။ မငြင်းကိုယ်ဘိုး။ နှစ်မျိုးဘမိ။ ဂတိထားသူ။ သေမူကျန်နှင့်။ ပေးသင့်ရကား။ ခြားသူကိုနှင်း။ သွင်းတဝက်ပြန်။ တကျမ်းညွှန်မူ။ ပြန်စေလုံးထွန်း။ ရညိညွှန်းသွင်းယူ။ အခြားလူနှင့်။ လိုတူပေါင်းက။ သွင်းနှစ်ဆဟု။ ပြ၏တကျမ်း။ သွင်းကမ်းရင်သူ။ ရမူကာမ။ သွင်းတကွနှင့်။ ဆင်ထတန်ဆာ။ ပါဥစ္စာမျိုး။ ကိုယ်ဘိုးလျော်ရ။ တကျမ်းကလည်း။ သွင်းနှစ်ဆပြန်။ မစုံန်ဆန်မူ။ သွင်းမှန်တိုင်းသာ။ သွင်းတန်ဆာဟု။ ကျမ်းလာတဝ။ ကိုယ်ဘိုးမျှသာ။ တနည်းမှာ၏။ ဂေါဒါကကု။ ကညာစုကို။ ကြီးတုရမ္မက်။ ဖျက်သဖြင့်အား။ မင်္ဂရှင်းပါးသော်။ တံတားအောင်ပြု။ မှုသည်တို့အား။ ခေါင်းကိုကျား၍။ ကြော်ကြားစိမ့်မည်။ မြို့ရွာလည်လော့။ စေသည်ကာလ။ ဆွံ့အနူမြုံ။ လုံးစုံခပင်း။ မပြန်လျှင်သော်။ သွင်းတိုင်းပြန်စေ။ သိလျက်နေမူ။ ပြန်စေမလား။ စေရာတယောက်။ ပေးတယောက်ညိုက်။ နှစ်ရော်လုံးရ။ နောက်ပေးမကို။ ကျားကငြင်းလည်း။ သွင်းမဆုံးနိုင်။ ကံရိုင်သောအား။ ထိုယောကျ်ားသည်။ အခြားမိန်းမ။ ကျွန်မိန်းမကို။ ကာမမှားယွင်း။ မှန်သူရင်းနှင့်။ သွင်းဥစ္စာလုံး။ နှစ်ချက်ဆုံးငြား။ မှားမိသသူ။ လွတ်မူသုံးဆယ်။ ကျွန်ဝယ်ဘိုးကျ။ လျှော်ပြစ်ပြ၏။ စမှန်ရင်းသူ။ နောက်မှားသူကို။ ငြူစူမျက်လို။ လင်ခိုးကိုဟု။ မဆိုအပ်လျှင်း။ တရားကင်းသည်။ ။ လင်ရင်းမမြောက်ချေသေးတည်း။ ၃၈။ သမီးကျေးဇူး။ ရွယ်လူးလုင်။ အတင်တင်က။ ကြည်လင်ပေးကမ်း။ လဘက်ကွမ်းကို။ လှမ်းစားပိုင်၏။ ဖြီးခိုင်သွင်းနှံ့။ ခံပြီးမူကား။ လွှဲထိမ်းမြားက။ သွင်းနှစ်ဆပြန်။ သွင်းတိုင်းပြန်လစ်။ ကာမပြစ်သာ။ သုံးချက်မှာ၏။ လျာရန်ပို့မိတ်။ ခဲအံကျိတ်လျက်။ ဣသရိယ။ မိဘလုပ်ကြံ။ သုံးနှစ်ခံပြီး။ ကံမဆိုင်ဘဲ။ မိညဲခြားကြင်။ လုင်အခြား။ သူနှင့်ငြားမူ။ မြောက်များခပင်း။ မဟူလျှင်းတည့်။ အသွင်းထဘိုး။ ထမင်းဘိုးကွ။ ကျားမဝတ်စုံ။ လွှမ်းခြုံမြဲပင်။ ထိုလုင်သည်။ ကျွမ်းဝင်တစိတ်။ ခြားမမိတ်က။ မကိုယ်ဘိုးဝက်။ ထိုက်သက်တုံဘိ။ ဘမရှိစည်။ မိပေးမြားမြောက်။ ဘရောက်သိမ်းပိုင်။ မစွမ်းနိုင်ငြား။ သားချင်းကိုအပ်။ သားချင်းကျပ်၍။ လက်ထပ်သွင်းယူ။ ပိုင်စေဟူရှင့်။ မတူစိတ်စက်။ ကညာလျက်ကို။ ဗလက္ကာရ။ နီစန္ဒယ်ဝင်။ ပြုလျှင်အညီ။ ကြေးနီခြောက်ရာ။ တနည်းမှာကား။ ဥစ္စာရုပ်ရန်။ မင်းဒဏ်ခတ်မြဲ။ နည်းတကွဲမူ။

ဝဲလက်ညိုးဖြတ်။ မဝံ့လပ်က။ ငွေသင္ဓိဟူ။ မျိုးထူးမြတ်သူ။ ဖြစ်မူတရာ။ လျော်ငွေလာလည်း။ မောတ္တာရစ်ခွေ။ သင့်နေစေလော့။ သွေလျှင်တိသ်။ သန္ဓေရမူ။ ခြောက်ဆယ်ဟူ၏။ သေသူတက်ဘွဲ့။ မယားမဲ့ဟု။ ပြာန္တဲ့ရောင်ကောင်း။ ထောင်း၍ပေးမြား။ နောက်ပေါ်ငြားမူ။ သားသမီးရှိ။ အပ်ဘိမဲ့က။ ရှေးမိန်းမကို။ နှောင်းမိဘထံ။ လင်ကနံ့စေ။ မနံ့ချေမူ။ မနေပိုင်ရာ။ သွင်းပါဆုံးတုံ။ သွင်းပေးရုံနှင့်။ ထိုလုံမယ်မ။ စိတ်မမျှပဲ။ ငင်ဆွဲဘက်ရမ်း။ ပါးနားနမ်းမူ။ လျော်ဒဏ်ပြစ်ဝက်။ သရေတက်အောင်။ ငွေလျက်ထွေပြား။ ဝတ်စားပုံရင်။ ငါး၍တင်ပြီး။ သမီးရမှ။ ဥစ္စာသခင်။ ယူလျှင်ယူရာ။ သွင်းပန္နာနှင့်။ သည်းချာနှစ်ဝ။ ဆုံးရစမြဲ။ လင်စွဲသည်မှာ။ ငါသာမဟုတ်။ ဘော်ထုပ်လှည့်ငြား။ တရားမဝင်။ ချင်းကင်သင့်နေ။ ချင့်သန္ဓေဟု။ စွဲထွေမမှန်။ ဖြစ်ဘိထွန်လည်း။ ခံပြန်ခွင့်မှာ။ ကျားကသာတည့်။ ထွေရာမှုဝန်။ စစ်၍မှံသော်။ ကွယ်ကန်မဖြစ်။ အမှန်ဖြစ်သည်။ ။ လင်ပြစ်နှောင့်နှီးနှောင့်နှေးတည်း။ ၃၉ ။ ကြီးငယ်ကာန်းသွပ်။ အမည်တပ်သား။ လေးရပ်နွဲ့ချော။ စိတ်မလျှော့ပဲ။ ရောနှောချေက။ ပဒုစမှာ။ သတငွေမှန်။ မင်းဒဏ်လည်းကျ။ တတိယနိုက်။ ဒွိသတတည်း။ ဒဏ်လည်းမလွတ်။ စိတ်တူလတ်သော်။ ယင်းလေးဘော်နိုက်။ လျော်ပြစ်ဝက်ကျ။ တနည်းကမူ။ ပဒုနိုက်သာ။ ကျန်နှစ်ဖြာတွင်။ သန္ဓေမြင်သော်။ ကြည်လင်ကျွေးမွေး။ ဘွားမည်ရေးကြောင့်။ ကျွန်ဒွေးစီအပ်။ မကပ်သန္ဓေ။ ယောကျ်ားသွေက။ ငွေတိသ်တိ။ သင္ဓိတမှာ။ စကညာနိုက်။ တိသ်ာပညာသ။ နှစ်ချက်ပြ၏။ မိန်းမလျက်ကဲ့။ ရှက်မငဲ့ပဲ။ မိတ်ဘွဲ့စတင်။ မြတ်တွင်ပြစ်မဲ့။ တူခဲ့မူကား။ ဒဏ်ထားရှက်ခွဲ။ ရုတ်ဆင်းရဲနိုက်။ ကျဲကျဲနေမြဲ။ ထုပ်၍လှမ်းလော့။ တပ်စါမ်းပြင်းစွာ။ ကညာချင်းဖျက်။ ပြစ်ထွက်နှစ်ရာ။ ပိသကြေးနီ။ မဟလ္လီမူ။ ကေသီရိတ်စင်။ ပြည်မှနှင့်ရှင့်။ ကြောက်လျှင်ငွေကျော်။ လျှော်စေတိသ်။ တူလဆန္ဒ။ ကျားမတူထွေ။ သင့်စေငြင်းရာ။ငွေမှာသုံးဆယ်။ ကြေးဝယ်သုံးရာ။ သန္ဓေမှာလည်း။ ပြစ်ဆာမတူ။ ရွယ်ကြူးမှာလည်း။ ၄င်းနည်းမြွက်။ အိမ်ထောင်ပျက်မှာ။ ပြစ်ဝက်လျော်ထုပ်။ မဲ့မူရုတ်လော့။ ဆွေအုပ်မျိုးချင်း။

MWT-0027-00 to MWT-0027-36